
ဘယ်တော့မှလို့
ဘယ်တော့မှမပြောပါနဲ့

# အခန်း (၁)

``ဟော့… ဟော့ ဒါ ဘယ်လဲ´´

ဆံဖျားမှသည် ခြေဖျားတိုင်အောင် ခေတ်ဆန်သော အဝတ်အစား အဆင်အပြင် အသုံးအဆောင်တို့ဖြင့် နုငယ်ပြီး ရက်ရက်စက်စက် မှု န်ညက်နေအောင် လှနေသော ကောင်မလေး တစ်ယောက် ၏ မျက်နှာသည် ရုတ်ခြည်း သုန်မှု န်သွား၏ ။

နေရှိန်းက ကောင်မလေး၏ ရှေ့တွင် ကာဆီး၍ ရပ်လိုက်သည်။

ကောင်မလေးက စူးစိမ်းသော မျက်လုံးများ ဖြင့် သူ့မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

မျက်နှာ နုနုငယ်ငယ်ကလေးက မာထန်လွန်းနေသည်။

မာန်မာနကြီး၍ စိတ်ထက်သူ တစ်ယောက် ဖြစ်ကြောင်းလည်း သူ့အသွင်က ပီပြင်ထင်ရှားစွာ ပြနေ၏ ။

``ဖယ်ပါ… ဒီအခန်းတံခါးကို ဖွင့်နေတာ ဒီအထဲ ဝင်မလို့ပေ့ါ၊ နားမလည်ဘူးလား ´´

အသံကလေးကလည်း ငေါက်ဆတ်ဆတ် နိုင်လွန်းနေ၏ ။

အရပ်အမောင်း မြင့်မြင့်မိုးမိုးကြီးနှင့် တည်တည်ခန့်ခန့်ကြီး တံခါးရှေ့တွင် ပိတ်ရပ်နေသော နေရှိန်း၏ မျက်နှာကို စေ့စေ့ကြည့်ကာ သူကလေးက ဘုတောလိုက်ပြန်သည်။

``မင်း မဝင်ရသေးဘူး´´

``ဘာပြောတယ်၊ ကိုယ့်ဘာသာကိုယ် ဝင်ချင်ဝင်မယ် ထွက်ချင်ထွက်မယ်။ လူကို ဘယ်သူများ အောက်မေ့နေသလဲဟင်´´

နီတြာတြာ နှုတ်ခမ်းလွှာပါးပါးကလေးဖြင့် နေရှိန်းကို သူကလေးက

ကက်ကက်လန်အောင် စွာ လိုက်ပြန်သည်။

``မင်းဘာသာမင်း ရှင်ဘုရင်သမီးပဲ ဖြစ် ဖြစ်ပေါ့ကွ၊ မဝင်ရဘူးဆိုရင် မဝင်ရဘူး၊ ဒါ အမိန့်ပဲ၊ အထဲမှာ အရေး ကြီးတဲ့ကိစ္စ ဆွေးနွေးနေကြလို့ တံခါးပိတ်ထားတာကို မင်းမြင်တာနဲ့ သိဖို့ကောင်းတယ်၊ မင်း ဒီလောက်မှ နားလည်မှု မရှိတတ်ဘူးလား ဘယ်လိုလဲ´´

ကောင်မလေးသည် ပိတ်ထားသော တံခါးမကြီးကို ကြည့်လိုက်၊ နေရှိန်း၏ မျက်နှာကြီးကို ကြည့်လိုက်နှင့် လုပ်ပြီးမှ သူ့နှုတ်ခမ်းသား လှလှပါးပါးကလေး၏ ထောင့်စွန်းကို သွားဖွေးဖွေးကလေးများ ဖြင့် ဖိကိုက်လိုက်သည်။

ပြတ်များ သွားလေမလားပဲ။

သန့်စင်ဝင်းမွတ်နေသော သူ့မျက်နှာကလေးသည် နီရဲနေ၏ ။

သူ့မျက်ဝန်းကျယ်ကျယ် ကလေးထဲမှ မဟူရာ မျက်နက်ဝန်းကလေးတစ်စုံသည် တဖိတ်ဖိတ် တလက်လက်တောက်ပြောင် စူးရှနေ၏ ။

မီးဝင်းဝင်း ထ,တောက်လေမလားဟု ထင်ရ၏ ။

သူ့ ရွှေရင်နုနုမို့မို့ ဝန်းဝန်းကလေးသည် နိမ့်တုံမြင့်တုံ လှုပ်ရှားနေ၏ ။

လှိုင်းတံပိုး ထန်နေသည်ကဲ့သို့။

အားလုံးကို ခြုံငုံကြည့်လိုက်သည်နှင့် သူကလေးတွင် ဒေါသဒီဂရီတွေ တလိပ်လိပ် တက်နေသည်ကို သိရ၏ ။

မတတ်နိုင်ပါ။

နေရှိန်းအနေဖြင့် ချမှတ်ထားသော တာဝန်နှင့် ဝတ္တရားကို တိတိကျကျကြီးသာ ဆောင်ရွက်ရန် ရှိ၏ ။

``ဟွန်း... သိမယ်... သိမယ်၊ ဒီကအကြောင်း ကောင်းကောင်းကြီး သိစေရမယ်၊ ဒီနေ့ ထမင်းဝအောင် စားထားလိုက်´´

ရင့်လှသော ကောင်မလေး၏ စကားကြောင့် နေရှိန်း၏ ကိုယ်ခန္ဓာကြီး တွန့်ခနဲ ဖြစ်သွားရသည်။

အံ့အားသင့်သွားသော ကြောင့် လည်း ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွား၏ ။

မရွှေချောကလေး ကတော့ ရာဇသံပေးပြီးသည်နှင့် နေရှိန်းရှေ့မှ ချာခနဲ ထွက်ခွာသွားတော့သည်။

``ဟူး.....´´

ဒေါနှင့် မာန်နှင့် လျှောက်သွားသော ခွာမြင့်ဖိနပ်ကလေး စီးထားသည့် ခြေထောက် လှလှကလေး တစ်စုံကို မျက်စိတစ်ဆုံးကြည့်ရင်း နေရှိန်းသည် ပင့်သက်ချလိုက်မိသည်။

``ကိုရှိန်း...´´

``အွန်....´´

``ခုနက ကျောပိုးအိတ်နဲ့ ချာတိတ်မ လှလှကလေး တစ်ယောက် ဒီကို လာသွားသလား´´

သူ့အနီးသို့ ရောက်ရှိလာသော ရုံးလုလင် ကိုခင်မောင်က မေးလိုက်သည်။ ခင်မောင်၏ မျက်နှာသည် အပိုးမကျိုး ပြုံး စစကြီး ဖြစ်နေ၏ ။

``လာရုံတင်မကဘူး၊ လူကိုပါ ဒီနေ့ ထမင်းဝဝစားထားလို့ ကြိမ်းသွားသေးတာ ကိုခင်မောင်´´

``အဟား..... ဟား..... ဟား... ကိုယ့်ဆရာတော့ ထိပြီ´´

``ဘာထိတာလဲဗျ´´

ရှုံ့ သိုးသိုး မျက်နှာကြီးဖြင့် နေရှိန်းက ရုံးလုလပင် ကိုခင်မောင်ကို

ကြည့်လိုက်သည်။

``အဲဒါ ဆုမျက်ခြယ် ဆိုတာပေါ့´´

``သူက ဘယ်သူလဲ´´

ဘယ်က ဆုမျက်ခြယ်မှ နေရှိန်း မသိပါ။

``ဦးမြတ်ထွန်းရဲ့ တစ်ဦးတည်းသော သမီး မာနခဲ အချောအလှလေးလေဗျာ´´

``သြော်....´´

နေရှိန်းက ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

``အင်း... ဖြစ်ရမယ်လေ၊ ဒါကြောင့် လည်း ဒီဟာမလေး ဖအေအရှိန်နဲ့ ဒီလောက် ကဲကဲဆတ် ဖြစ်နေတာ´´

``ကိုရှိန်း.....´´

``အင်း.... ဆိုပါဦး´´

``ကောင်မလေးက တကယ် မိတယ်နော်´´

``ဘာ မိတာလဲဗျ´´

ရုံးလုလင် ခင်မောင်၏ မျက်နှာကို တည်တည်ကြည်ကြည်ကြီး ကြည့်ကာ နေရှိန်းက မေးလိုက်သည်။

``အဟဲ... ချောတာ လှတာကို ပြောတာ၊ လူကလည်း ငယ်ငယ်၊ ဘော်ဒီကလည်း လှလှ၊ ခေတ်ကလည်း ဆန်.. ပြီးတော့ ငွေကြေးဥစ္စာက....´´

``တော် ဗျာ... ကိုခင်မောင် ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ´´

နေရှိန်း၏ မျက်နှာကြီး မှု န်ကုပ်နေသည်။

``ဟာ... ခက်လိုက်တာ ကိုရှိန်းရာ၊ ခင်ဗျားက ကျွန်တော် တို့ ရုံးလုလင်က

ကောင်မလေးကို မအပ်မရာတွေ တွေးပြီး လျှောက်ပြောနေတယ်လို့များ ထင်နေသလား၊ ကျွန်တော် က ခင်ဗျားအတွက် ပြောနေတာဗျ၊ ခင်ဗျားအတွက် ပြောနေတာ´´

``အွန်......´´

နေရှိန်း တစ်ယောက် မျက်လုံးများ ပြူး ထွက်လာသည်။

``ကျွန်တော့် အတွက် ဟုတ်လား ကိုခင်မောင်´´

ခင်မောင် ဘာဆိုလိုသည်ကို နေရှိန်း နားမလည်နိုင်ပါ။

``ဟုတ်ပ့ါဗျာ၊ ခင်ဗျားအတွက်´´

``ဘယ်လို ခင်ဗျားအတွက်လဲ၊ ရှင်းရှင်း ပြောစမ်းဗျာ´´

``ခက်လိုက်တာ တော် တော် အူတဲ့ ကိုရှိန်းပဲ၊ ဒါကြောင့် လူပျိုကြီး ဖြစ်နေတာ´´

``အူတယ်ပဲ ပြောပြော ထူတယ်ပဲ ပြောပြော ခင်ဗျားပြောတာ ကျုပ် သဘောကို မပေါက်ဘူးဗျာ´´

``ခင်ဗျားနဲ့ ဒီကောင်မလေးကို ငြိသွားဖို့ ပြောတာဗျ၊ ကဲ... ရှင်းပြီလား´´

``ဟာ... ကိုခင်မောင် ခင်ဗျားတော့ သေတော့မှာ ပဲ´´

နေရှိန်း၏ မျက်နှာကြီး ထူအမ်းသွားသည်။

ဘာဆက်ပြောရမှန်း မသိ ဖြစ်နေစဉ် ပိတ်ထားသော တံခါးကြီး ပွင့်လာသည်။

အထဲမှ တရားသူကြီး ဦးမြတ်ထွန်းနှင့်တကွ အဖွဲ့လူကြီးများ ထွက်လာ၏ ။

ထို့ကြောင့် ရုံးလုလင် ကိုခင်မောင်နှင့် နေရှိန်းတို့လည်း လူချင်းခွဲလိုက်ကြရတော့သည်။

*

``ဘုတ်…''

အမိုးပွင့်ကားကလေး၏ ရှေ့ထိုင်ခုံ တစ်ခုပေါ်သို့ ဆုမျက်ခြယ်က သူ့လက်ထဲက သားရေကျောပိုးအိတ်ကို ပစ်ချလိုက်သည်။

မျက်နှာကလေးသည် သုန်မှုန်နေ၏ ။

ပြီးတော့…

ကားတံခါးကို ဆွဲဖွင့်ပြီး ယာဉ်မောင်းနေရာတွင် ဆောင့်ဆောင့်အောင့်အောင့်ကြီး ထိုင်ချလိုက်သည်။

သူ့ရင်ထဲတွင် ဒေါသတွေ က တလိပ်လိပ် အရှိန်တက်နေဆဲ။

``ဟွန်း… မုန်းစရာ ကောင်းလိုက်တာ၊ သူ့ကိုယ်သူ ဘာကောင်များ မှတ်နေလဲ မသိဘူး၊ ဒီအပေါက်စောင့်အသစ်တော့ ကောင်းကောင်း ငါ့အကြောင်း သိစေရမယ်၊ ဖေဖေ့ကိုတိုင်ပြီး တစ်ခါတည်း အလုပ်ကို ထုတ်ပစ်ခိုင်းမယ်… ဟင်း''

ဆုမျက်ခြယ်သည် တေးချက်အပြည့်နှင့် ကားစက်ကို နှိုးကာ တရားရုံးတော်ရှေ့မှ တစ်ရှိန်ထိုး မောင်းထွက်ခဲ့တော့သည်။

``တော် ပြီ… သွယ်တို့ဆီ သွားနေလို့လဲ အပိုပဲ၊ အိမ်ပဲ ပြန်တာ ကောင်းတယ်''

ဆုမျက်ခြယ်သည် လမ်းတွင် တွေ့တွေ့သမျှလူတွေ ၊ ကားမောင်းသူတွေ အမြင်ကတ်ချင်စရာ ကောင်းလောက်အောင် သူ့ကားကို မဟားတရား မောင်း၍ အိမ်သို့ ပြန်လာခဲ့သည်။

ကံကောင်းထောက်မ,၍ မည် သို့သော အန္တရာယ်နှင့်မျှ ရင်မဆိုင်ခဲ့ရသော် လည်း လူဆယ်ဦးထက်မနည်း မေတ္တာပို့သည်ကိုတော့ ခံခဲ့ရ၏ ။

``ဟဲ့.. ဆုလေး၊ တကတည်း ကားကို ဘယ်လိုမောင်းလာတာလဲ ဟင်''

ဆင်ဝင်အောက်တွင် ရှိနေသော သူ့ကြီးတော် ကြီးက အလိုမကျဟန်ဖြင့် မေးလိုက်သည်။

``မြင်တဲ့အတိုင်းပဲ´´

ဒေါ်ရွှေ တစ်ယောက် အံ့အားသင့်၍ ကျန်ရစ်ခဲ့၏ ။

ဆုမျက်ခြယ်သည် သူ့ကျောပိုးအိတ်ကို ကားထဲမှ ဆက်ခနဲ ကောက်ယူပြီး အိမ်ထဲသို့ ပြေးဝင်သွားသည်။

``မရွှေ.. ဒီကန်းမလေ မကန်းဘူး၊ ငါ့ကို နော် ကားနဲ့ တစ်ခါတည်း တိုက်တော့မလို့´´

``အေး... ဟုတ်တယ် ရန်ကနာ၊ ဒီကောင်မလေးက အလိုလိုက်ထားလို့ သိပ်ကဲနေတယ်၊ မရွှေ အစ်ကိုကြီးလာမှ ကောင်းကောင်း တိုင်ရဦးမယ်´´

``တိုင်..... တိုင်... အဲ့ဒီအတိုင်း ထားတယ်နော်၊ ကန်မလေ တစ်ခါတည်း ဆိုးသွားမယ်´´

ဒြံစောင့်ကြီး ရန်ကနားသည် သူ့ကို ကားဖြင့် ပွတ်သီ၍ မောင်းထွက်သွားသော ဆုမျက်ခြယ်ကို တော် တော် ပင် မကျေမနပ်ကြီး ဖြစ်၍ နေ၏ ။

ဒေါ်ရွှေသည် သူ့လက်ထဲက ပန်းခြင်းကို ဧည့်ခန်းထဲရှိ စားပွဲပေါ်တွင် ချထားခဲ့ပြီး ဆုမျက်ခြယ်၏ အိပ်ခန်းရှိရာ အပေါ်ထပ်ဆီသို့ အပြေးကလေး တက်လာခဲ့သည်။

ဆုမျက်ခြယ်သည် သူ့ကုတင်ပေါ်တွင် မှော က်အိပ်ကာ အိပ်ယာခင်းကို လက်နှစ်ဖက်ဖြင့် တအား ဆုပ်ကိုင်ပြီး ငြိမ်နေ၏ ။

``ဒီကောင်မလေး ဘာ ဖြစ်လာတယ် မသိဘူး´´

ဒေါ်ရွှေလည်း ကုတင်ဆီသို့ ချဉ်းကပ်သွားလိုက်ပြီး ကုတင်စွန်းတွင် ထိုင်ကာ ဆုမျက်ခြယ်၏ ကျောကလေးကို အသာကိုင်လိုက်သည်။

``ဆုလေ... ဒါက ဘာ ဖြစ်လာတာလဲ ဟင်´´

``ဘာ ဖြစ်ရမှာ လဲ၊ အဲဒါ ကြီးကြီးရွှေကြောင့် ´´

``အလို မြတ်စွာ ဘုရား... ဘယ်နှယ့်ကြောင့် ကျုပ်က အဆစ်ပါလာရတာ လဲ၊ လင်းစမ်းပါဦး၊ ဖအေကြီးက ဆူလိုက်လို့လား´´

``ဆု တောင်းတဲ့ပိုက်ဆံ ကြီးကြီးရွှေ ပေးလိုက်ရင် ပြီးရော၊ ခုတော့ သူများ ဒေါသထွက်စရာတွေ ဖြစ်လာရပြီ သိလား... ဟွန့်´´

``ဟယ်.. မင်းတော့ ငရဲအုံတွေ ကြီးကုန်တော့မှာ ပဲ မိဆု၊ ဖအေကို ဒီလိုပဲ ပြောရသလား ဟင်´´

``အို... ဘာတွေ လာစွတ်စက်ပြီး ပြောနေရတာ လဲ မသိဘူး၊ ဒေါသထွက်ရတဲ့အထိ၊ ဆု ဖေဖေနဲ့တောင် မတွေ့ခဲ့ရဘူး သိရဲ့ လား´´

``ဒါဖြင့် ဘယ်သူနဲ့ ဘာ ဖြစ်လာသလဲ၊ ရှင်းအောင် ပြောမှပေါ့ အေရယ်´´

``အပေါက် စောင့်... အပေါက်စောင့်´´

``ဘယ်သူလဲ.. ခင်မောင်လား´´

ရုံးတော် က ရုံးလုလင်ကလေး ခင်မောင် အိမ်ကိုလာနေကျမို့ ဒေါ်ရွှေက သိနေ၏ ။

ခင်မောင် က ချစ်စနိုးနောက်ပြောင် ကျီစယ်လိုက်သည်ကို တူမချောကလေးက ကောက်ကွေးလာသည်ဟု ဒေါ်ရွှေက ထင်မိသည်။

``ဘယ်ကလာ ခင်မောင်ရမှာ လဲ၊ အသစ်... အသစ်၊ ဒီမျက်နှာကြီး တစ်သက်လုံး ရုံးကို လိုက်လိုက်သွားနေတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ အားကြီး လူပါးဝတယ်´´

``ဟယ်... ဟုတ်လား၊ ဒီသူငယ်က ဆုလေးကို ဦးမြတ်ထွန်းရဲ့ သမီးမှန်း မသိလို့နဲ့ တူပါတယ်ကွယ်´´

``အောင်မယ်လေး... ကြီးကြီးရွှေက မသိဘဲနဲ့ ပြောနေပြန်ပါပြီ၊ အဲဒီ ခွစာက ဆုကို ဦးမြတ်ထွန်းသမီး မကလို့ ရှင်ဘုရင်ရဲ့ သမီးပဲ ဖြစ်နေပါစေ အမိန့်ဟာအမိန့်ပဲ၊ တံခါးဖွင့်မပေးနိုင်ဘူးတဲ့ရှင်၊ ကဲ သဘောပေါက်ပြီလား´´

``ဩော်... ဆုလေးရယ် သူ့ဘက်က ကြည့်တော့လည်း သူ့တာဝန်နဲ့ ဝတ္တရားအရ မှန်နေတာကိုကွယ့်။ ဟိုမှာ က ဆုလေး ဖေဖေက အရေး ကြီးတဲ့အလုပ် တာဝန်တွေ ထမ်းဆောင်နေရတာ ၊ ဒါကို ဆုလေးက နားလည်မှု ရှိမှပေါ့၊ ကိုယ်လည်း ဒီလောက် ငယ်တော့တ မဟုတ်ဘူး´´

``ဟွန်း... တလေသံတည်းပဲ ဘာတော် ကြသလဲ မသိဘူး´´

တင်ပလ္လင်ခွေ ထိုင်လိုက်ရင်း မဲ့ကာ ရွဲ့ကာနှင့် ဆုမျက်ခြယ်က ပြောလိုက်သည်။

``ဟဲ့... ဘယ်သူနဲ့ ငါက ဘာတော် ရမှာ လဲ´´

ဒေါ်ဒေါ်က မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

``ကြီးကြီးရွှေနဲ့ အဲဒီ ခွစာနဲ့ပေါ့´´

``အလိုတော် ´´

ဒေါ်ရွှေ တစ်ယောက် မျက်လုံးမျက်ဆံပြူး ပြီး ဘာပြောရမှန်း မသိအောင် ဖြစ်သွားသည်။

``ဟုတ်တယ်၊ အဲဒီ ခွစာကလည်း သူများ ကို နားလည်မှု မရှိဘူးလား၊ ဘာလားနဲ့ ဟွန်း.. မကျေနပ်ဘူး၊ ... လုံးဝကို မကျေနပ်ဘူး၊ သူ့ကို အလုပ်ပြုတ်အောင်ကို လုပ်ပစ်မယ်´´

သူ့ပေါင်ကို သူ့လက်သီးဖြင့် ထုကာ ဆုမျက်ခြယ်က ဒေါနှင့်မောနှင့် ပြောလိုက်ပါသည်။

``ဟဲ့... ဟဲ့.. ဆုလေးရယ်၊ ဘယ့်နှယ် သူများ ထမင်းအိုးကို ခွဲချင်တိုင်း ခွဲရမတဲ့လား၊ ဟင်း.... ညည်းလေး ကတော့ အတော် ခက်တဲ့ မိန်းကလေး ဖြစ်နေပြီ´´

``ဟာ… ဖေဖေ လာပြီ´´

ထိုစဉ်…

ခြံဝင်းထဲသို့ ကားတစ်စီး မောင်းနှင်၍ ဝင်လာသံကို ကြားလိုက်ရလျှင် ဆုမျက်ခြယ်သည် ကုတင်ပေါ်မှ ငေါက်ခနဲ ထ,ကာ အောက်ထပ်ဆီသို့ ပြေးဆင်းသွားတော့သည်။

တူမချောကလေး၏ နောက်ကျောကိုကြည့်ပြီး ဒေါ်ရွှေ တစ်ယောက် ခေါင်းတယမ်းယမ်း ဖြစ်နေ၏ ။

``ဟော… သမီး ဆု၊ ဒါ ဘယ်ထွက်ဦးမလို့လဲ´´

ပြင်ပြင်ဆင်ဆင်နှင့် သူ့မျက်စိထဲ ရှုမဝအောင် လှနေသော သမီးငယ်ကို ကြည့်ကာ သူ့ကိုယ်ပေါ်က တိုက်ပုံအင်္ကျီကို ချွတ်ရင်း ဦးမြတ်ထွန်းက မေးလိုက်သည်။

ဆုမျက်ခြယ်က အလိုလိုက် အကြိုက်ဆောင်ထားလွန်း၍ မိုက်သည်၊ ဆိုးသည် ဆိုသော်လည်း ဖခင်၏ ခေါင်းပေါင်းဘူးနှင့် တိုက်ပုံအင်္ကျီကိုတော့ သိမ်းပေးဖော်ရပါသေးသည်။

``ဆု ခုပဲ ဖေဖေ့ရုံးက ပြန်လာတာ…´´

``ဟေ့… ဟုတ်လား ဘာလာ လုပ်တာလဲ…´´

``ဖေဖေ့ဆီ လာတာပေါ့လို့…´´

``နို့ ဘာ ဖြစ်လို့ စောင့်မနေတာလဲ´´

``ဟို ခွစာကြောင့် …´´

``ဟေ… ဘယ်က ခွစာလဲ သမီးရဲ့ …´´

တရားသူကြီး ဦးမြတ်ထွန်း တစ်ယောက် မျက်လုံးပြူး သွားသည်။

``ဖေဖေ့ အခန်းဝမှာ စောင့်နေတဲ့ အပေါက်စောင့်အသစ်လေ၊ သူက သမီးကို

အထဲဝင်ခွင့် မပြုဘူး၊ ရှင်ဘုရင့်သမီး ဖြစ်နေပါစေ အမိန့်ဟာ အမိန့်ပဲ အထဲဝင်ခွင့် မပေးနိုင်ဘူးတဲ့ သိလား ဖေဖေ၊ အဲဒီ ခွစာကို အလုပ်ထုတ်ပစ်လိုက် သူ့အလုပ်ပြုတ်တာ သမီး မြင်ချင်တယ်...''

ဦးမြတ်ထွန်းက လေ့ကားမှ ဆင်းလာနေသော နမ ဖြစ်သူ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

``လှမ်းကြည့်မနေနဲ့၊ အစ်ကိုကြီး သမီး အစ်ကိုကြီးပဲ နိုင်အောင် ပြောပေတော့... ''

``ကဲ ထိုင်စမ်းပါဦး သမီးလေးရဲ့ ....''

``ဟင့်အင်း... သမီးကို တခြားဘာမှ မပြောနဲ့၊ ဒီခွစာကို မနက်ဖြန်ကစပြီး အလုပ်ဖြုတ်ပစ်မယ်ဆိုတဲ့ ကတိပဲပေး...''

ဆုမျက်ခြယ်သည် ဘူးဆို ဖရုံမသီးသော ပုံစံကလေးဖြင့် ရပ်နေသည်။

``သမီးလေး... သမီးလေး မှာ းနေပြီကွယ် ဒီလို နေရာတကာ အနိုင်ယူချင်လို့ မရဘူးလေ၊ ကိုယ့်မှာ ရှိတဲ့ အာဏာကိုလည်း စိတ်ထင်တိုင်း အသုံးချလို့ မရဘူး၊ ချလဲ မချသင့်ဘူ၊ ခု ကိစ္စမှာ သမီးကအလွန်၊ သမီးက သူ့တာဝန်နဲ့ ဝတ္တရားကို သူ တိတိကျကျ ထမ်းဆောင်နေတာကို နှောင့်ယှက်တဲ့အတွက် ဝတ္တရားနှောင့်ယှက်မှု နဲ့ သမီးကိုတောင် သူက ပြန်ပြီး စွဲချက်တင်လို့ ရသေးတယ် နားလည်လား သမီး...''

``ဟင့်အင်း နားမလည်ဘူး နားမလည်ဘူး ဟီး... ဟီး သူ့ကို မုန်းတယ် သူ့ကို အလုပ်ဖြုတ်ပစ် မရဘူး... မရဘူး ဟီး... ဟီး... ဟီး...''

``ဟူး....''

ခြေဆောင့်လိုက် သူ့ပေါင်သူ ထုလိုက်နှင့် အဟီးဟီး ငိုချလိုက်သော သမီး ဖြစ်သူကို ကြည့်ကာ ဦးမြတ်ထွန်း တစ်ယောက် စိတ်မောလူမော ဖြစ်သွားရတော့သည်။

အတော် စိတ်ကြီးသော သမီးချောပါပေ။

``ဟိုကောင်မလေး.. တော် တော် ကဲနော်၊ ဖအေကြီး အလုပ်ပင်ပန်းလာတာကိုတော့ သိတတ်ရမှန်း မသိဘူး၊ မဟုတ် မဟပ် မဖွယ်မရာတွေ ခိုင်နေရတယ်လို့....´´

မတတ်သာသဖြင့် ဒေါ်ရွှေက ကြားဝင်လိုက်ရတော့သည်။

``ဟင့်... ဟင့်... ဟင့် ကြီးကြီးရွှေလည်း မကောင်းဘူး၊ အဟင့်... ဟင့်... ဟင့် ဖေဖေလည်း မကောင်းဘူး´´

``အေး ဟုတ်တယ်... ဟုတ်တယ်၊ တစ်ကမ္ဘာလုံးက လူတွေ တစ်ယောက် မှ မကောင်းဘူး၊ ညည်းပဲ ကောင်းတယ်၊ ညည်း တစ်ယောက် ပဲ သိပ်ကောင်း၊ အလိုလိုက်လွန်းလို့ ကန်း တက်နေတဲ့ ဟာမလေး ဟင်း... ဟင်း... ဟင်း.. အစ်ကိုကြီး ရှေ့က ကာဆီးကာဆီး လုပ်နေလို့သာပေါ့ အေ..´´

``အဟင့်... ဟီး...´´

ဆုမျက်ခြယ်သည် မျက်နှာကို လက်ဝါးကလေးဖြင့် အုပ်ကာ ငိုရှိုက်ရင်း အပေါ်ထပ် သူ့အိပ်ခန်းဆီသို့ ပြေးတက်သွားတော့သည်။

``နေပါစေ၊ လိုက်မချော့နဲ့ အစ်ကိုကြီး ဒီကောင်မလေးက တစ်နေ့တခြား အကဲပိုလာနေတယ်၊ မရွှေတော့ မကြိုက်ဘူး အစ်ကိုကြီး မွေးထားတာ သမီးမိန်းကလေး ဆိုတာနဲ့ မေ့မထားနဲ့နော်၊ အလိုလိုက်တာ ကြည့်လည်းအလိုလိုက်၊ တော် ကြာ နောက်ဆုံးကျမှ ထိန်းမရ သိမ်းမရ ဖြစ်နေမယ်၊ မရွှေတော့ သိပ်စိတ်ပူတယ် သိလား...´´

``အင်း.. ဟုတ်တယ် အမိမဲ့ သမီးလေးဆိုပြီး သနားစိတ်တွေ ပိုပြီး အလိုလိုက် အကြိုက်ဆောင် ပေးခဲ့တာတွေ ခုတော့ ခက်နေပြီး ဘာမဆို သူ့စိတ်တိုင်းကျချည်း ဘယ်လို ဖြစ်နိုင်မှာ လဲ...´´

``သူ့ အကြောင်း ခေါင်းထဲ ထည့်မထားနဲ့၊ ထမင်းစားရအောင် အဝတ်အစားလဲလိုက် အစ်ကိုကြီး....´´

*

# အခန်း (၂)

ဦးမြတ်ထွန်းလည်း သူ့အိပ်ခန်းထဲသို့ ဝင်ပြီး အဝတ်အစားများ လဲလှယ်လိုက်သည်။

ပြီးလျှင်....

ထမင်းစားခန်းဆီသို့ ထွက်လာ၏ ။

ဒေါ်ရွှေသည် ဖွယ်ဖွယ်ရာရာ ဟင်းလျာများ ကို ထမင်းစားပွဲပေါ်တွင် တည်ခင်းထားကာ အစ်ကို ဖြစ်သူကို စောင့်ဆိုင်းနေ၏ ။

``မရွှေကော...´´

``မနက်က မရွှေ ဆုနဲ့ နန်းကြီးသုပ် စားထားမိလို့ မဆာသေးဘူး၊ အစ်ကိုကြီး စားနှင့်...´´

နှမ ဖြစ်သူက အစ်ကိုကြီးကို ခူးခပ်ကျွေးမွေးလိုက်၏ ။

``ရုံးကနေ ဒေါ်ပွပြီး ပြန်လာတာ ရန်ကနားကိုတောင် ကားနဲ့ပွတ်တိုက်သွားတယ်၊ အစ်ကိုကြီးသမီး အဲသလောက် မကောင်းတာ...´´

``ဟုတ်လား၊ ဒါဆို... ဒီကောင်မလေး...၊ လမ်းမှာ လည်း ကားကို မယားတရား မောင်းလာမှာ ပဲ...´´

``သေချာတာပေါ့....´´

``ဟင်း.. ခက်တယ်.. တိုက်ပြုမကုန်တာ ကံကောင်း´´

ဦးမြတ်ထွန်း သက်မ ချလိုက်သည်။

``ဒါနဲ့ ဒီအပေါက်စောင့်က ဘယ်သူလဲ၊ ခင်မောင်တို့ ဦးစိန်တို့က ဘယ်ရောက်သွားကြလို့လဲ ဟင် အစ်ကိုကြီး.....´´

``ရှိပါတယ်.. ခု သမီး၊ တွေ့ခဲ့တာက အထူးတာဝန်ပေးခြင်း ခံထားရတဲ့ ဦးမောင်မောင်ကြည်တို့ စီအိုင်ဒီအဖွဲ့က စုံစမ်းရေး အရာရှိကလေးပါ၊ အခန်းထဲမှာ အစ်ကိုကြီးတို့ တရားသူကြီးအဖွဲ့နဲ့ ဦးမောင်မောင်ကြည်တို့အဖွဲ့ အရေး ကြီးတဲ့ အမှု တစ်ခုအတွက် တိုင်ပင်ဆွေးနွေးနေကြလို့ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးဖို့ သူ့ကို မှာ ထားခဲ့တာ...´´

``ဩော်... ဒါကြောင့် ကိုး...´´

``ဒါနဲ့ သမီးက အစ်ကိုကြီးဆီ ဘာလာလုပ်တာလဲ´´

``အောင်မယ်လေး ပိုက်ဆံလိုချင်လို့.. ပိုက်ဆံလိုချင်လို့ ရှင့်´´

``ပိုက်ဆံ လိုချင်ရင်လည်း မရွှေဆီ တောင်းလည်း ရတာ ပဲ ဥစ္စာ၊ အစ်ကိုကြီးဆီ လာဖို့ လိုလို့လား´´

``သူလိုချင်တာက သုံးထောင်ကြီးတောင် မရွှေဆီမှာ က ခုနစ် ရာ ရှစ်ရာလောက်ပဲ ရှိတာ အစ်ကိုကြီးရဲ့ ´´

``သူ လိုချင်တာ များ လှချည်လား´´

``ဒီမနက် အစ်ကိုကြီးထွက်သွားပြီးမှ သွယ်သွယ် ဖုန်းဆက်တယ်လေ၊ မနေ့က သူ့အဖေ သင်္ဘောက ပြန်လာပြီတဲ့၊ သိတဲ့အတိုင်းပဲ အစ်ကိုကြီးသမီးက နိုင်ငံခြားပစ္စည်းဆိုရင် သိပ်မက်မက်မောမော ရှိတယ်မဟုတ်လား၊ သွားဝယ်ဖို့ ငွေလိုတာပေါ့၊ အဲဒါကြောင့် အစ်ကိုကြီးဆီ လိုက်သွားတာ´´

ဦးမြတ်ထွန်းက အဖန်ရည်တစ်ခွက် ငုံ့ယူရင်း ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

``သူ့မှာ လည်း နိုင်ငံခြား လက်ကိုင်အိတ်တွေ ၊ ဖိနပ်တွေ အဝတ်အစား အသုံးအဆောင်တွေ ပြည့်နေတာပဲ၊ ဒါနဲ့တောင် ဘာလေး ဖြစ် ဖြစ် ဝယ်ချင်စိတ်က ရှိနေတယ်၊ ဒီကောင်မလေးကို အလိုလိုက်တာ လျှော့ပြီး ကြပ်ဖို့တော့ သင့်ပြီ အစ်ကိုကြီး´´

``အင်း... ဟုတ်တယ်၊ ဟုတ်တယ် မရွှေ´´

``ကောင်းတယ်၊ ဟို သူငယ်ကို မရွှေ ကျေးရူးတင်လိုက်တာ၊ ခင်မောင်တို့ ဦးစိန်တို့ကိုဆိုရင် သူက ခွေးချီးနိုင်တယ်၊ ခုတော့ ခံခဲ့ရပြီ၊ ဒီလို သူ့ကို ပြောနိုင်တဲ့လူ ရှိဦးမှ´´

``သူငယ်လေးက လူရိုးလူဖြောင့်ကလေးပဲ၊ ဦးမောင်မောင်ကြည်ရဲ့ နာမည်ကောင်းရထားတဲ့ လက်စွဲတော် တပည့်လေးပဲ ဖြစ်တယ်၊ မနက်ဖြန်မှ သမီးရဲ့ ဆက်ဆံရေး ညံ့ဖျင်းတာကို ဖုန်းဆက်တောင်းပန်ရဦးမယ်၊ အားနာစရာတွေ ဖြစ်ကုန်ပြီ၊ ဩော်.... ဒါနဲ့ ဒီနေ့ အိမ်ကို အမှု သည်တွေ ဘာတွေ လာသေးလား´´

``ဘယ်သူမှ မလာဘူး အစ်ကိုကြီး၊ စာတစ်စောင်ပဲ စာပို့လုလင် လာပို့သွားတာ ရှိတယ်၊ စာကြည့်ခန်းထဲက စားပွဲပေါ်မှာ ´´

``အေး... အေး´´

ဦးမြတ်ထွန်းသည် ထမင်းစားသောက်ပြီး အချိုပွဲတည်းပြီးနောက်မှ ထမင်းစားခန်းထဲမှ ထွက်ခဲ့သည်။

ထမင်းစားပြီးသည်နှင့် ဧည့်ခန်းတွင် ထိုင်ကာ သတင်းစာ ဖတ်လေ့ရှိသဖြင့် ဧည့်ခန်းဆီသို့ လျှောက်ခဲ့သည်။

တရားသူကြီး ဦးမြတ်ထွန်းသည် သမီးလေးရှိရာ အခန်းဆီသို့ တစ်ချက် မော့ကြည့်ပြီး သတင်းစာကို ကိုင်ကာ သက်သော င့်သက်သာ ထိုင်လိုက်သည်။

ထို့နောက် သတင်းစာတစ်စောင်လုံး စေ့စေ့စပ်စပ် ဖတ်ရှုလိုက်သည်။

ပြီးလျှင် စာကြည့်ခန်းဆီသို့ သူ ဝင်ခဲ့သည်။

ပေါ်လစ်ရောင် တလက်လက်တောက်ပနေသော စာကြည့်ခန်း စားပွဲပေါ်ရှိ စာထည့်သော ပလတ်စတစ်လင်ပန်း လုလုလေးထဲမှ စာအိတ်ကို ယူပြီး ကုလားထိုင်တွင် ထိုင်၍ ဖောက်လိုက်သည်။

ထိုစာသည် တရားသူကြီး ဦးမြတ်ထွန်းကို ထိုင်ရာမှ ဝုန်းခနဲ ထ,သွားစေသည်။

``မြတ်စွာ ဘုရား´´

ဦးမြတ်ထွန်း၏ မျက်လုံးလည်း သွေးဆုတ်သွားသည်ကဲ့သို့ ဖြူရော်သွား၏ ။

ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။

စာရွက်ကို ကိုင်ထားသော ဦးမြတ်ထွန်း၏ လက်နှစ် ဖက်သည်လည်း တဆတ်ဆတ် တုန်နေ၏ ။

``ဟင်..... အစ်ကိုကြီး ဘာ ဖြစ်နေတာလဲ´´

အစ်ကို ဖြစ်သူအတွက် စာကြည့်ရင်း သောက်ရန် အကြမ်းခရား လာပို့ပေးသော ဒေါ်ရွှေသည် အစ်ကိုကြီး၏ တုန်လှုပ်ချောက်ချားနေသော အသွင်ကို တွေ့လိုက်ရလျှင် ထိတ်ပျားသွား၏ ။

``မရွှေ သမီးကို ခေါ်စမ်း၊ သမီးကို ခေါ်စမ်း´´

``ဟုတ်... ဟုတ်ကဲ့´´

ဒေါ်ရွှေလည်း သူ့လက်ထဲက လင်ပန်းကို ချထားခဲ့ကာ အလျင်အမြန် အိမ်ပေါ်ထပ်ဆီသို့ ပြေးတက်ခဲ့သည်။

ဘာအကြောင်းမှ မသိဘဲ ရင်တွေ တဒိန်းဒိန်း ခုန်နေ၏ ။

``ဟဲ့... ဆုလေး´´

``ဘာလဲ´´

ဆုမျက်ခြယ်က ဒေါ်ရွှေခေါ်သည်ကို ဂရုမစိုက်ဟန်ဖြင့် ရှိနေ၏ ။

``ဟဲ့.. ဒီမှာ မထုံတက်တေး လုပ်မနေနဲ့။ ညည်းအဖေ ဘာ ဖြစ်နေသလဲ မသိဘူး၊ အရေး ကြီးတယ်နဲ့ တူတယ်၊ မြန်မြန်သွား´´

``ဟင်´´

ကိုယ်ကို တစ်ဖက်သို့လှည့်ကာ အကောက်အကွေး မပြေသေးဟန်ပြုနေသော ဆုမျက်ခြယ်သည် ကုတင်ပေါ်မှ ဝုန်းခနဲ ထ,လိုက်ပြီး အောက်ထပ်ဆီသို့ ပြေးဆင်းခဲ့သည်။

``ဖေဖေ.... ဖေဖေ´´

``သမီး.. သမီးဒီမှာ ´´

ဆုမျက်ခြယ်သည် အသံလာရာ စာကြည့်ခန်းဆီသို့ ဆက်ပြေးလာခဲ့သည်။

``ဟင်... ဖေဖေ ဘာ ဖြစ်နေတာလဲဟင်´´

ရှေ့တွင် စာရွက်တစ်ရွက်ကို ချကာ ဦးခေါင်းကြီး ငိုက်စိုက်ချ၍ ထိုင်နေသော ဖခင်ကြီး၏ အနီးသို့ ဆုမျက်ခြယ် ရုတ်ခြည်း ရောက်ရှိသွားသည်။

``ဘာစာလဲ ဖေဖေ´´

``ဖတ်ကြည့် သမီးလေး´´

တရားသူကြီး ဦးမြတ်ထွန်း.....

ထောင်ဒဏ် အနှစ် နှစ် ဆယ် စီရင်ခြင်း ခံရသူတစ်ဦးဟာ သူ့ဘဝတစ်ခုတည်း ပျက်ခဲ့တာ မဟုတ်ဘူး၊ သူ့မိသားစုဘဝတစ်ခုလုံးပါ ပျက်စီးယိုယွင်းခဲ့ရတယ်၊

မညှာမတာ စီရင်ချက်ချမှတ်ခဲ့တဲ့ တရားသူကြီး မင်းကိုလည်း ဘဝပျက်သူ မိသားစု ခံစားခဲ့ရတဲ့ အရသာ တစ်စိတ်တစ်ပိုင်းလောက်ကို ခံစားကြည့်စေချင်တယ်။

တရားသူကြီးမင်းဟာ တစ်ဦးတည်းသော သမီးကလေးကို ငုံထားမတတ် ချစ်လွန်းတယ်ဆိုတာ သိရပြီ။

နှစ် ပရိစ္ဆေဒ ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရတဲ့ အခွင့်အရေး ရပြီလေ၊ ဒီတော့ သမီးလေးကို မျက်စိအောက်က အပျောက်မခံဖို့ သတိပေးလိုက်တယ်။

ထိရောက်စွာ လက်စားချေလိုသူ။

``ဟွန်း... ဖေဖေကလည်း ဒါများ ´´

ဆုမျက်ခြယ်က စာရွက်ကလေးကို ပေါ့ပေါ့တန်တန် စားပွဲပေါ်သို့ ပြန်ချပြီး ဖခင်၏ ပခုံးကို ဖက်လိုက်သည်။

``ဟုတ်တယ်သမီး၊ ဒါတိုင်းလဲ အမှု စီရင်ခြင်းကို ခံရတဲ့ ပြစ်မှု ကျူး လွန်ခဲ့သူတွေ ဟာ ဖေဖေ့ကို မကျေမနပ် ဖြစ်ကြပြီး ဘာလုပ်မယ် ညာလုပ်မယ်လို့ ခြိမ်းခြောက်စာတွေ ပို့ပို့နေတာ ရိုးနေပါပြီ၊ ဒီလိုရနေတဲ့ စာမျိုးတွေ ထဲမှာ ဒီစာတစ်စောင် ကတော့ သိပ်ကို ထူခြားနေတဲ့ ခြိမ်းခြောက်စာပဲ သမီး၊ သမီးနဲ့ပတ်သက်ပြီး လာတာဆိုတော့ ဖေဖေ ပေါ့ပေါ့တန်တန် သဘောမထားနိုင်ဘူး´´

စာကို အလေးအနက်ထားဟန်ဖြင့် ဦးမြတ်ထွန်းက ပြောလိုက်သည်။

``ဖေဖေကလည်း စိတ်ပူမနေစမ်းပါနဲ့ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ´´

``ဒီလို ပေါ့ပေါ့တန်တန် မတွေးနဲ့ သမီး၊ မင်းမဲ့တိုင်းပြည်တော့ မဟုတ်ဘူး၊ ဒါပေမယ့် လူဆိုးဆိုတာ ချိုပါတာ မဟုတ်တော့ ဘယ်သူက ဘယ်သူ့ကို ဘာတွေ ကြံစည်နေတယ်ဆိုတာ ဘယ်လို သိနိုင်ကြမှာ လဲ၊ ခက်တယ် သမီး၊ တချို့ ရာဇဝတ်မှု ကျူး လွန်တဲ့သူတွေ ဟာ ကိုယ်ကလည်း အပြစ်လုပ်သေးတယ်၊ အပြစ်လုပ်လို့ရလာတဲ့ ဥပဒေကြောင်းအရ စီရင်ချက်ကို လိုလိုလားလား လက်မခံချင်ကြဘူး၊ သူတို့က အပြစ်ဒဏ် စီရင်ချမှတ်တဲ့ တရားသူကြီးတွေ ကို ကျိတ်ငြိုးထားခဲ့ကြတယ်၊ ဒီခြိမ်းခြောက်စာရှင်က ဘယ်အမှု မျိုးကို ကျူး လွန်ပြီး ဘယ်လိုစီရင်ချက်မျိုး ခံခဲ့ရတယ်ဆိုတာ ဖေဖေလည်း မခန့်မှန်းတတ်ဘူး၊ ဖေဖေစီရင်ချက် ချမှတ်ခဲ့တဲ့ အမှု တွေ ကလည်း အများ ကြီး မဟုတ်လား´´

ဦးမြတ်ထွန်း၏ မျက်နှာကြီးသည် စိတ်ရှုပ်ထွေး၍ သော ကကြီးစွာ ရောက်နေမှု ကို အထင်းသား ဖော်ပြနေ၏ ။

``အင်း... ဟုတ်တယ်နော်၊ ဒီအတိုင်းဆိုရင်တော့ ဆုလေးမှ အန္တရာယ် ရှိနေပြီ၊ အသွားအလာ အနေအထိုင် သိပ်ဆင်ခြင်ဖို့ လိုလာပြီ´´

ဒေါ်ရွှေက ဝင်ပြောလိုက်သည်။

``ဟာ... ကြီးကြီးရွှေက ဝင်ရှုပ်ပြီ´´

``ဟဲ့... ကြီးကြီးရွှေက စိုးရိမ်လို့ ညည်းလေးကို ပြောနေတာ၊ လစ်ခနဲ လစ်ခနဲ

ညည်းလေး ခြေဖွေပါတိုင်း ထွက်ထွက်သွားနေတာကို မသွားစေ့ချင်လို့ နားလည်လား´´

``ဟုတ်တယ် သမီး၊ သမီး ကြီးကြီးရွှေ ပြောတာ မှန်တယ်´´

``ဟွန်း´´

ဆုမျက်ခြယ်သည် မျက်နှာကလေးကို ရှုံ့မဲ့၍ ထားနေလိုက်သည်။

``မ ဖြစ်သေးပါဘူး၊ ဦးမောင်မောင်ကြည်ဆီကို ဖုန်းဆက်ဦးမှာ ပဲ´´

တရားသူကြီး ဦးမြတ်ထွန်းသည် သူ့မိတ်ဟောင်းဆွေဟောင်း မူခင်း တပ်ဖွဲ့မှူးကြီး ဦးမောင်မောင်ကြည်ထံသို့ ဖုန်းကောက်လှည့်လိုက်သည်။

ဆုမျက်ခြယ်သည် ဖခင် ဖြစ်သူနှင့် တစ်ဘက်ကလူ စကားပြောနေသည်ကို ကြည့်ကာ မျက်နှာလေး ရှုံ့မဲ့နေ၏ ။

``အင်း... ဦးမောင်မောင်ကြည်ကို ကျေးဇူးတင်လိုက်တာ၊ သမီးနောက် အမြဲလိုက်ဖို့ စိတ်ချရတဲ့ လူ တစ်ယောက် တော့ ရပြီ မရွှေ...´´

ဦးမောင်မောင်ကြည်နှင့် စကားပြောဆို တိုင်ပင်ပြီးသော အခါတွင် ရင်အေးသွားဟန်ဖြင့် ဦးမြတ်ထွန်း၏ မျက်နှာသည် ကြည်လင်လာ၏ ။

``ဟာ.. ဖေဖေကလည်း သမီးကို ကလေးထိန်းသလို လိုက်ထိန်းမယ့်လူမျိုး မလိုပါဘူး၊ ပြီးတော့ ဒီအကြောင်း သူငယ်ချင်းတွေ သိရင်လည်း ရှက်စရာကြီး၊ ဟားကုန် ကတော့မှာ ပဲ၊ အဲဒီ လူကို မခေါ်ပါနဲ့ ဖေဖေရာ နော် နော်လို့...´´

``မရဘူး သမီး ဖေဖေနဲ့ ဦးမောင်မောင်ကြည် အားလုံး စီစဉ်ပြီးပြီ....

``သမီးနောက်ကို ဒီလူက ကလေးထိန်းသလို လိုက်နေမှာ မဟုတ်ဘူး၊ လူမသိအောင် နောက်ယောင်ခံပြီး စောင့်ရှောက်ပေးမယ့် သူပါ၊ ဒီအတွက် သမီး စိတ်အနှောင့်အယှက် ဘာမှ ဖြစ်စရာ မလိုဘူး....´´

ဖခင် ဖြစ်သူ အစိုးရိမ်လွန်ကဲနေခြင်းကို ဘာမှ မပြောလိုတော့သဖြင့်

ဆုမျက်ခြယ်သည် နှုတ်ဆိတ်နေလိုက်တော့သည်။

သို့သော် ....

စိတ်ထဲတွင် တော့ ကသိကအောင့် ဖြစ်၍ နေသည်။

သူသည် လွတ်လွတ်လပ်လပ်။

သွားချင်။

လာချင်။

နေချင်သူ တစ်ဦး။

ယခုလို့ သူ့နောက်တွင် တစ်စုံ တစ်ယောက် သော သူသည် အရိပ်ပမာ ရှိနေမည် ဆိုတော့ သူ စိတ်ကျဉ်းကျုံ့ရလေပြီပေါ့။

သူ့အပါးတွင် ကိုယ်ရံတော် အမြဲရှိနေမည့် ကိစ္စသည် အမြဲတမ်း လွတ်လပ်ပျော်ရွှင်နေတတ်သော ဆုမျက်ခြယ်ကို စိတ်အနှောင့်အယှက် ဖြစ်နေစေ၏ ။

သွယ့်ဆီသွားကာ ကြိုက်နှစ်သက် ရာ ပစ္စည်းကလေးများ ဝယ်ယူလိုက်မည် ဟု အားခဲထားချက်ကိုလည်း စိတ်မပါတော့သလို ဖြစ်သွား၏ ။

သည်နေ့အဖို့ အပြင်ထွက်လိုစိတ်လည်း အလျဉ်းမရှိတော့သဖြင့် အိပ်ခန်းထဲ အောင်းနေလိုက်တော့သည်။

*

တိုင်ကပ်နာရီကြီး၏ အသံကို ကြားလိုက်ရလျှင် ဆုမျက်ခြယ်သည် အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။

သည်အချိန်သည် ကျန်းမာရေး အတွက် သူ လှုပ်ရှားနေကျ အချိန်။

ကိုယ်ပေါ်က စောင်ကို ခွာ၍ အိပ်ရာပေါ်မှ ဆင်းမည် ပြုလိုက်ပြီးမှ ဘယ်က စိတ်ကူးပေါက်သွားသည်မသိ ဘုတ်ခနဲ သူ့ကိုယ်ပေါ် အိပ်ယာပေါ်သို့ ပြန်ပစ်ချလိုက်သည်။

``လေ့ကျင့်ခန်း ယူချင်စိတ်တောင်း မရှိတော့ဘူး´´

``မာမာလေး.. မာမာလေး... ဟရေး ... မထ သေးဘူးလား၊ ဟိုဘက်ခြံက နှိုးနေပြီ ´´

``နိုးနေတယ် ဦးရန်ကနား၊ သိပ်အော်မနေနဲ့...´´

ဆုမျက်ခြယ်က သူ့အိပ်ခန်းတံခါးပေါက် အာပြဲကြီးနဲ့ အောက်တည့်တည့်က တကြော်ကြော် ခေါ်နေသော ခြံစောင့်ကြီး ရန်ကနားကို အော်ပစ်လိုက်သည်။

``အင်း.. မဆိုင်ပါဘူး၊ ငါ လုပ်နေကျအလုပ်တစ်ခုကို မလုပ်ဘဲ နေရာမှာ တစ်မျိုးကြီးပဲ၊ ဒီအချိန်ကြီးလည်း ဖေဖေ့စီစဉ်ထားတဲ့ ကိုယ်ရံတော် က ရောက်လာမယ် မထင်ပါဘူး၊ လေ့ကျင့်ခန်းယူဖို့တော့ ထွက်လိုက်ဦးမှ တစ်ဖက်ခြံက အေးတို့ စောင့်နေကြမယ် အားနာစရာကြီး...´´

ဆုမျက်ခြယ်သည် အိပ်ရာမှ လူးလဲထ,လိုက်ပြန်ပြီး၊ အားကစားအင်္ကျီနှင့် ဘောင်းဘီ ဝမ်းဆက်ကို ဝတ်ဆင်လိုက်သည်။

ကင်းဘတ်(စ်)ဖိနပ်ဖြူဖြူကလေးကို စီးပြီး အိပ်ပေါ်ထပ်မှ ပြေးဆင်းလာခဲ့သည်။

``ဟဲ့.. ဟဲ့.. အောင်မလေး၊ ဆွမ်းတော် လင်ပန်းတော့ မှော က်တော့မှာ ပဲ ပေါက်ကျော်မရဲ့ ...´´

``ကန်တော့ ကန်တော့´´

သူ့ကြီးကြီးရွှေကို လက်အုပ်ချီပြပြီး အိမ်နောက်ဖေးပေါက်ဆီသို့ ဆုမျက်ခြယ် ပြေးပါတော့သည်။

ခြံဝင်းစောင့်ကြီး ဦးရန်ကနားသည် ဝင်းတံခါးကို သူ့သခင်မလေးအတွက် အဆင်သင့် ဖွင့်ပေးထားနေ၏ ။

ဆုမျက်ခြယ်သည် တစ်ဖက်ခြံဝင်းဝရှေ့တွင် အသင့်စောင့်နေသော အေးနှင့် ထွေး အမြွှာညီအစ်နှစ် ယောက် နှင့် အိမ်ပေါ်မကလေး မိစုးတို့ဆီသို့ ခြေလှမ်းမှန်မှန်ကလေးဖြင့် ပြေးသွားလိုက်သည်။

``စောင့်နေတာ ကြာပြီလား ဟင် အေးတို့´´

ဆုမျက်ခြယ်က အဖော်များ ကို မေးလိုက်သည်။

``ဆယ့်ငါးမိနစ်လောက်တော့ ရှိပြီ ဆု´´

``ဆောရီးနော်... ဆု နည်းနည်း နောက်ကျသွားတယ်´´

သူတို့ကို ဆုမျက်ခြယ် တောင်းပန်လိုက်သည်။

``ရပါတယ်... ဆုရာ´´

လေးဦးသား အိမ်ဆီမှ အင်းလျားကန်ပေါင်ကြီးဘက်ဆီသို့ တန်းစီ၍ ခြေလှမ်းမှန်မှန်ဖြင့် ပြေးခဲ့ကြသည်။

သူတို့နောက်မှ ထွေးတို့ ဖေဖေ ဦးအေးဖေသည် ချယ်ရီသား လက်ကိုင်တုတ်ကြီးကို တဒေါက်ဒေါက်ထောက်ကာ ဖြည်းညှင်းစွာ လမ်းလျှောက်လိုက်လာခဲ့သည်။

ဆုမျက်ခြယ်တို့ မီးပွိုင့်လွန်သွားသည့်အခါတွင် တော့ အကြော်ဆိုင်ကလေး အနီးတွင် ရှိနေသော လူ တစ်ယောက် သည် အသာထ,ရပ်လိုက်သည်။

သူသည် ဘေးစင် အဖြူရောင် ပါသော နက်ပြာရောင် အားကစား အဝတ်အစားကို ဝတ်ဆင်ထားသူ လူရွယ် တစ်ယောက် ။

သူ့ အရပ်အမောင်းသည် မြင့်မြင့်မိုးမိုး ရှိလှ၏ ။

ထို့အတူ ခန္ဓာကိုယ်ကလည်း ထိုအရပ်အမောင်းနှင့် လိုက်ဖက်အောင် ပြည့်ပြည့်တင်းတင်း ရှိလှသည်။

သူသည် လမ်းနံဘေးမှ ကတ္တာရာလမ်းမပေါ်သို့ တက်ကာ သွေးပူလေ့ကျင့်ခန်း ယူလိုက်သည်။

ဆုမျက်ခြယ်တို့အုပ်စု တော် တော် ကလေး ဝေးသွားတော့မှ သူလည်း မီးပွိုင့်အနီးမှ စတင်၍ ခြေလှမ်းမှန်မှန်ဖြင့် ပြေးထွက်ခဲ့သည်။

အင်းလျားကန်ပေါင်ကြီးနှင့် နီးလာလေလေ ကျန်းမာရေး လေ့ကျင့်ခန်း အမျိုးမျိုး ယူနေသူ ကလေးလူကြီး လူရွယ်၊ လူလတ်၊ ကျားမအစုံစုံတို့ကို တွေ့မြင်လာရလေလေ ဖြစ်၏ ။

*

ဆုမျက်ခြယ်တို့ အုပ်စုသည် အခြားအားကစား လိုက်စားနေကြသူများ ကဲ့သို့ ကိုယ်လက်လှုပ်ရှား အားကစားနည်းမြောက်များ စွာ ကို ကန်ပေါင်ကြီးတစ်ဝိုက်တွင် ကစား၍ နေကြ၏ ။

အရှေ့ဘက်ဆီမှာ တက်နေဝန်း၏ ရောင် ခြည်ပျိုးတက်လာသည့် အခါတွင် မှ ကိုယ်လက်လှုပ်ရှား အားကစားနေကြသူများ သည့် ကန်ပေါင်ကြီးပေါ်မှ တဖြည်းဖြည်း ပြန်လည်ထွက်ခွာသွားကြ၏ ။

ဆုမျက်ခြယ်သည် သာလိကာမလေးလို သူ့အုပ်စုထဲတွင် လက်ဟန်ခြေဟန်ဖြင့် စကားပြောလာနေရာမှ ဖြုန်းခနဲ အင်းလျားကန်စောင်းရှိ အကြော်ဆိုင်တစ်ဆိုင်ဆီသို့ မျက်စိရောက်သွား၏ ။

ရှင်သန့်လှသော သူ့မျက်လုံးများ က သူ့ဘက် တစ်စောင်းအနေအထားကလေးထိုင်ကာ အကြော်ဝါးရင်း ကန်ရေပြင်ကို ကြည့်နေသူ လူရွယ်တစ်ဦးကို တွေ့မြင်လိုက်တော့သည်။

ပုန်းလျှိုးကွယ်ပျောက်နေသော ဒေါသများ သူ့ရင်ထဲသို့ အလုံးအရင်းနှင့်

ပြန်လည် ရောက်ရှိလာကြပြန်သည်။

မျက်နှာကလေး သုန်မှုန်လို့ နေချေပြီ။

``ဟင် ဟိုခွစာကောင်ကြီးပါလား၊ အဟင်း... တစ်ခါမှ သတိမထားမိပါဘူး၊ ဆန်းတယ်၊ ငါ့ဖို့ ဘော်ဒီကတ်ဆိုတာ သူပဲ ဖြစ်ရမယ်´´

``ဟိတ်.... ဆု... ဘာ ဖြစ်သွားတာလဲ ဟင်´´

ထွေးက သုန်မှုန်နေသော မျက်နှာကလေးဖြင့် အကြော်ဆိုင်ဆီသို့ ရပ်၍ ကြည့်နေသော ဆုမျက်ခြယ်ကို တအံ့တသြ မေးလိုက်သည်။

``အိုး... ဘာမှ မ ဖြစ်ပါဘူးကွာ´´

ဆုမျက်ခြယ်သည် ရုတ်တရက် ရပ်နေရာမှ ပြေးထွက်သွား၏ ။

ထွေးနှင့် အေးတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထွေးက အေးကို ပခုံးတစ်ချက် တွန့်ပြပြီး သုံးဦးသား သူတို့ထက်ခြေလှမ်းသာနေသော ဆုမျက်ခြယ်၏ နောက်သို့ ပြေးလိုက်ခဲ့ကြ၏ ။

သူ့အိမ်ရှေ့သို့ ရောက်လျှင် ဆုမျက်ခြယ်သည် နောက်သို့ လှည့်၍ ထွေးတို့ထံ လက်ဝှေ့ယမ်းပြပြီး သူ့အိမ်ရိတ်ပေါက်ကြီးထဲသို့ ပြေးဝင်ပျောက်ကွယ်သွားတော့၏ ။

*

# အခန်း (၃)

``ဖေဖေ´´

``ဗျာ...´´

ဦးမြတ်ထွန်းသည် ကော်ဖီသောက်နေရာမှ စားပွဲနားတွင် ဒေါနှင့်မောနှင့် လာရပ်သော ဆုမျက်ခြယ်ကို အံ့သြဟန်ဖြင့် ကြည့်လိုက်သည်။

``ဖေဖေ မကောင်းဘူး သိလား´´

``ဟောဗျာ... စောစောစီးစီး၊ ဒါက ဘယ်လို ဖြစ်လာရပြန်တာလဲ သမီး´´

သုန်မှု န်စူပုပ်နေသော သမီးကလေး၏ မျက်နှာအမူအရာကို ကြည့်ပြီး ဦးမြတ်ထွန်း တစ်ယောက် အံ့သြနေ၏ ။

``သမီးလည်း စောစောစီးစီး အကုသိုလ် ကောင်ကြီးကို တွေ့ရပြီး ဒေါသထွက်လာရတာ ပဲ´´

``နေစမ်းပါဦး၊ ဘယ်က အကုသိုလ်ကောင်ကြီးလဲ သမီးရဲ့ ´´

ဦးမြတ်ထွန်းက ကော်ဖီပန်းကန်ကို ပြန်ချရင်း မေးလိုက်သည်။

``ဘယ်သူရှိရမလဲ၊ ဟို ခွစာကြီးပေါ့´´

``ဝုန်း...´´

``အောင်မယ်လေးလေး မရွှေဆု၊ ကုလားထိုင် ကျိုးပြုသွားပါမယ်အေ၊ ဖြည်းဖြည်းသက်သာများ ထိုင်ပါဦးတော့´´

တော် ရုံတန်ရုံ ခိုင်ခံ့သည့် ကုလားထိုင်ဆိုလျှင် သူလုပ်ပုံက သွင်သွင်ကျို းသွားနိုင်၏ ။

``ဒေါသထွက်လာတယ်.. ဒေါသ ထွက်လာတယ် ကြီးကြီးရွှေ ဘာသိလို့လဲ´´

``အေးပါ... မသိတာကို သိအောင်ပြောပြမှပေါ့အေ့´´

``ဟုတ်သားပဲ၊ သမီးလေးကလည်း ကောလိပ်ကျောင်းသူကြီးတောင် ဖြစ်နေပြီ၊ ကလေးဆိုးကြီးလို လုပ်နေတုန်းပဲ၊ ကဲ... ဖေဖေ နားလည်အောင် ရှင်းပြပါဦး၊ ခွစာတို့ အကုသိုလ်ကောင်ကြီးတို့ဆိုတာ ဘယ်သူလဲ´´

``ဖေဖေက မသိချင်ယောင် ဆောင်နေတာ´´

``အား... မဟုတ်ရပါဘူး၊ တကယ့်ကို မသိတာပါ သမီးလေးရဲ့ ´´

`မနေ့က ဖေဖေ့ရုံးခန်းရှေ့မှာ စောင့်နေတဲ့ လူ´´

``အဲ... ဟုတ်ပြီ အဲဒီ လူ ဘာ ဖြစ်သလဲ´´

``အဲဒီ လူကို ဒီနေ့ အင်းလျားမှာ တွေ့တယ်´´

``အင်းလျားကို သူ မလာရဘူးလို့ ဘယ်သူက ကန့်သတ်အမိန့် ထုတ်ထားသလဲ သမီး´´

``ဒါ ဖေဖေ ကပ်ဖဲ့ပြီး ပြောတာ၊ သူ့ကို ခါတိုင်း မတွေ့ရပါဘူး၊ ဒီနေ့မှ စတွေ့ ရတာ ´´

``သူ့ဘာသာသူ ဒီနေ့မှ စလာတာလဲ ဖြစ်ချင် ဖြစ်မှာ ပေါ့´´

သမီးကလေး၏ မျက်နှာကို အကဲစမ်းသလို ကြည့်ရင်း ဦးမြတ်ထွန်းက ပြောလိုက်သည်။

``အို... မ ဖြစ်နိုင်ပါဘူး၊ ဒါ တမင်သက်သက် ဒီနေ့မှ သူ ရောက်လာတာ သမီးကို စောင့်ရှောက်ဖို့ ဆိုတဲ့လူက သူပဲ မဟုတ်လား ဖေဖေ´´

``ဒါတော့ ဖေဖေ မသိဘူး၊ သူ ဖြစ်ချင်လည်း ဖြစ်မှာ ပဲ၊ ကိုမောင်မောင်ကြည်က ယုံကြည်စိတ်ချရတဲ့ လူ တစ်ယောက် ပို့လိုက်မယ်ဆိုတာပဲ ဖေဖေသိတယ်´´

``အန်ကယ် ဦးမောင်မောင်ကြည်ကို ခု ဖုန်းဆက်ပါ ဖေဖေ´´

``ဘာအတွက်လဲ သမီး´´

``သမီးအတွက် ပို့ပေးတဲ့လူက ဒီလူဆိုရင် လူစားမြန်မြန် လဲပေးပါလို့´´

သမီး ဖြစ်သူ၏ လိုလားတောင်းဆိုချက်က ဦးမြတ်ထွန်းကို ခေါင်းရှုပ်သွားစေပါ၏။

``ဟာ.... သမီးကလည်း မဟုတ်တာ၊ ကိုမောင်မောင်ကြည်က ယုံကြည်စိတ်ချရတဲ့ လူဆိုရင် ဖေဖေကလည်း လက်ခံရမှာ ပဲ၊ ဒါကိုတော့ ဖေဖေ မပြောချင်ဘူး၊ အားနာတယ်....

``ဒါနဲ့ နေပါဦး သမီးလေးရဲ့ ၊ ဒီလူကို သမီးစကားပြောစရာလည်း မလိုဘူး၊ သူနဲ့ ဆက်ဆံစရာ အကြောင်းလည်း ဘာမှ မရှိဘူး....

``ဒါနဲ့များ တောင် သမီးက သူ့ကို ဘာ ဖြစ်လို့ မလိုမလား ဖြစ်နေရတာ လဲ ဟင်၊ ဖေဖေတော့ နားမလည်နိုင်အောင် ဖြစ်နေတယ် သမီး´´

``သမီး သူ့ကို မုန်းတယ်၊ သမီး စိတ်ကို ကတိကအောက် ဖြစ်အောင်လုပ်တဲ့ လူမှန်သမျှကို မုန်းတယ်၊ သမီးနောက် အရိပ်လို လိုက်နေတာလဲ လုံးဝမကြိုက်ဘူး၊ အထူးသဖြင့် ဒီလူကြီး လိုက်နေတာ မကြိုက်ဆုံးပဲ´´

``အေး... အေး စကားအကုန်မပြောနဲ့ မရွှေဆုရေ၊ မုန်းတယ်.. မုန်းတယ်နဲ့ မုန်းတဲ့လူနဲ့ ညားနေမှ ဟုတ်ပေ့ ဖြစ်နေမယ်´´

ညီမ ဖြစ်သူ၏ စကားကို သဘောကျကာ ဦးမြတ်ထွန်း ရယ်လိုက်သည်။

``ကြီးကြီးရွှေနော် ကြီးကြီးရွှေ၊ ဟွန်း.. ဆု ငိုပစ်လိုက်မယ်´´

ဆုမျက်ခြယ်သည် ခေါင်းကိုခါ စားပွဲကို လက်သီးဆုပ်နှစ် လုံးဖြင့် ထုကာ ခြေအစုံကိုလည်း တဒိုင်းဒိုင်း ဆောင့်လိုက်သည်။

ဦးမြတ်ထွန်း ကတော့ သမီး၏ နွဲ့နွဲ့ဆိုးဆိုး အပြုအမူကို ကြည့်ကာ တဟင်းဟင်း ရယ်မဆုံး ဖြစ်နေသည်။

*

ဆုမျက်ခြယ်သည် ကော်ဖီလည်း မသောက် မုန့်လည်း မစားဘဲ သူ့အိပ်ခန်းထဲက ကုတင်ပေါ်တွင် မှော က်အိပ်ကာ ကောက်ကွေးနေ၏ ။

``မရွှေ သမီးလေးဆင်းလာပြီး ဘာမှ မစားသေးဘူးလား ဟင်´´

ဦးမြတ်ထွန်းက ရုံးဘက်သို့သွားရန် ပြင်ဆင်နေရင်းက နှမ ဖြစ်သူကို မေးလိုက်သည်။

``ဆင်းလည်း မစားဘူး၊ သွားပို့တာကိုလည်း မစားဘူး အစ်ကိုကြီး သမီးအကြောင်း အစ်ကိုကြီး မသိတာကျနေတာပဲ၊ ကျွန်မတော့ အတော် အမြင်ကတ်နေပြီ သိလား´´

``အင်း သွယ်သွယ်တို့ဆီ သွားဖို့ ပိုက်ဆံပေးဦးမှ ထင်တယ်´´

သမီးကလေး စိတ်ပြေလိုပြေငြား ချော့ဖို့ ဦးမြတ်ထွန်း ဆုံးဖြတ်လိုက်သည်။

``အစ်ကိုကြီးနော်... အစ်ကိုကြီး၊ သမီးကို အလိုလိုက်တာက တရားလွန်နေပြီ... သိလား´´

``အစ်ကိုကြီးတို့မှာ ငိစားရယ်စားဆိုလို့ ဒီသမီးကလေး တစ်ယောက် တည်းပဲ ရှိတာပါကွာ၊ သူ လိုချင်တာလေးတွေ ဝယ်ပါစေ မရွှေ´´

``အင်း... မပြောတော့ဘူး၊ မပြောတော့ဘူး... လေပဲ ကုန်တယ်´´

သမီး ဖြစ်သူကို ကမ်းကုန်အောင် အလိုလိုက်လွန်းသော အစ်ကို ဖြစ်သူကို ဒေါ်ရွှေ မကျေမနပ် ဖြစ်သွားသည်။

ဦးမြတ်ထွန်းသည အဝတ်အစား လဲလှယ်ပြီးသည်နှင့် တစ်ပြိုင်နက်

မီးခံသေတ္တာကို ဖွင့်ကာ သမီးအတွက် ငွေသုံးထောင်ကို ထုတ်ယူလိုက်သည်။

ပြီးလျှင် အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။

ကုတင်ပေါ်တွင် မ,ကောက်ကွေးကလေးက မှော က်အိပ်နေ၏ ။

သူ့ကိုယ်ပေါ်တွင် အားကစားဝတ်စုံက ဝတ်ထားဆဲ။

``ဟေ့.... သမီး ကြည့်စမ်း အားကစားဝတ်စုံလည်း မလဲသေးဘူး၊ ဟာ... ချွေးတွေ တောင် ခြောက်ကုန်ပြီ....

``သမီးလေး နေမကောင်း ဖြစ်တော့မှာ ပဲ ထ ထ အဝတ်စားတွေ လဲလိုက်၊ ထ ကွာ၊ သမီးလေးက လိမ္မာရဲ့ သားနဲ့´´

ဦးမြတ်ထွန်းက သမီး ဖြစ်သူကို အတင်းဆွဲထူလိုက်သည်။

``ရော့.. ဒီမှာ ၊ သမီးလိုချင်တဲ့ ငွေသုံးထောင် သွယ်သွယ်တို့ဆီ သွားပေတော့.. ဟုတ်လား´´

ကောင်ဆိုးမလေး၏ မျက်နှာ ရုပ်ခြည်း ဝင်းပကြည်လင်သွား၏ ။

``မွေးနေ့လည်း လုပ်ပေးရဦးမှာ နော်...´´

ကိုယ့်ဆန္ဒတစ်ခုတည်းသာ ထိပ်တန်းတင်တတ်သော သမီးဆိုးကလေးပါကလား။

``အင်းပါ သမီးလေးရယ်´´

``ဟေး ဒါမှ တို့ဖေဖေကွ...´´

``ရွှတ်...ရွှတ်...´´

ဆုမျက်ခြယ်သည် ဖခင်၏ လည်ပင်းကို ဖက်ကာ ပါးနှစ် ဖက်ကို တရွှတ်ရွှတ် မွှေးကြူလိုက်သည်။

``ကဲ… ကျေနပ်ပြီ မဟုတ်လား၊ ဖေဖေ သွားတော့မယ် သမီး အဝတ်အစားလဲနော်၊ ပြီးတော့ ကော်ဖီနဲ့ မုန့်တွေ လည်း စားဦး၊ ဆာပြီး လေခံနေမယ်´´

ဦးမြတ်ထွန်းသည် သမီးအတွက် စိုးရိမ်တတ်သည့် နေရာတွင် နှစ် ယောက်မရှိသူ တစ်ယောက် ။

ကြည်ကြည်လင်လင် မျက်နှာကလေးဖြင့် ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သော သမီးလေးကို ကြည့်ကာ ဦးမြတ်ထွန်း၏ ရင်ထဲတွင် ကြည်လင်အေးမြသွား၏ ။

သားတို့ရုပ်ရည်သည် အမိအဖတို့၏ ရင်ကို အေးမြငြိမ်းချမ်းစေသည် မဟုတ်ပါလား။

*

ဆုမျက်ခြယ်သည် သူ့လက်ကိုင်အိတ်ကို လှမ်းယူပြီး အတွင်း းက ပစ္စည်းများ ကို ကုတင်ပေါ်သို့ သွန်ချလိုက်သည်။

နှုတ်ခမ်းဆိုးဆေးဘူး၊ မိတ်ကပ်ဘူး၊ ဘီးများ နှင့်အတူ ငွေစက္ကူများ အကြွေများ ထွက်ကျလာ၏ ။

ဆုမျက်ခြယ်က ငွေစက္ကူများ ကို ရေတွက်လိုက်သည်။

စုစုပေါင်း အားလုံး နှစ် ထောင့်တစ်ရာ့နှစ် ဆယ်ကျပ် တိတိ ရှိနေ၏ ။

``အမယ်.. ဟုတ်ပြီ… ဟုတ်ပြီ´´

သူ့လက်ထဲက ငွေနှစ် ထောင်နှင့် ဖခင်က ပေးသော ငွေကို ပေါင်းကာ ငါးထောင်စည်း စည်းလိုက်ကာ ပိုက်ဆံအိတ်ထဲသို့ ထိုးသွင်းပြီး ရွှင်မြူး စွာ ကုတင်ပေါ်မှ ထ,၍ ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။

ဖြူဥနေသော ရေချိုးကြွေကန်ထဲတွင် ဆပ်ပြာရည်ပုလင်းကို ဆော့ကစားရင်း သွန်ချလိုက်သည်။

ထို့နောက် လက်နှစ် ဖက်ဖြင့် အမြှုပ်ထအောင်လုပ်ပြီး နောက်မှ ကိုယ်ပေါ်မှ အဝတ်အစားများ ကို ခွာကာ ဦးခေါင်းတွင် မျက်နှာသုတ်ပဝါကို ပေါင်းပြီး ဝင်ထိုင်လိုက်သည်။

ဆပ်ပြာမြှုပ်ရေထဲတွင် လည်ပင်းကလေးသာ ဖော်ထားပြီး တစ်ကိုယ်လုံး စိမ်ကာ ရွှင်မြူး စွာ ဖြင့် ပါးစပ်က မေခလာ၏ ယောက်ျားလေး ဖြစ်ချင်တယ် သီချင်းကို တညည်းညည်း သီဆိုရင်း ရေချိုးနေ၏ ။

----- လေထဲမှာ ပျံတဲ့ ငှက်ကလေးဘဝလို လွတ်လပ်မှု လိုတယ်--------

----- အတောင်ပံ တစ်စုံသာ ငါရခဲ့ရင် မိုးထိသွားမှာ ပဲ (တက်မှာ ပဲ) -------

----- ဟန်ဆောင် ကန့်လန့်ကာ သဘာဝတရားတွေ ဘာကြောင့် ခြားနေသလဲ ----

``ဟွန်း.. ဟွန်း... ဟွန်း... ဟွန်း... ဟွန်း´´

`ဟဲ့... မေတ္တာခန်းမလေး မြန်မြန်လုပ်´´

ကိုယ့်စိတ်ကူးနှင့်ကိုယ် မြူး တူး ပျော်ရွှင်နေသော ဆုမျက်ခြယ်သည် ကြီးတော်ဖြစ်သူ၏ အာဖြဲသံကြီးကို ကြားလိုက်ရလျှင် မျက်နှာကလေး မှု န်သွားသည်။

မကျေနပ်ဟန်ဖြင့် ပိတ်ထားသော ရေချိုးခန်းတံခါးဆီသို့ လှမ်း၍ လည်း မေးတစ်ချက် ငေါ့ပစ်လိုက်သည်။

``ဒီကြီးကြီးရွှေကြီးကလည်း ဒီမှာ အရှိန်တက်နေတာကို လာဖျက်ပြီ´´

``အရှိန်တက်လွန်ပြီး တစ်ခါတည်း အဖျား တာဝတိံသာ တက်သွားလို့ကတော့ ကြံတော ရောက်နေမယ် သတိထား...´´

ဆုမျက်ခြယ်၏ မျက်ဝန်းကလေး တစ်စုံ ပြူး ပြူး ပျာပျာ ဖြစ်သွားသည်။

``အိုး… ဖွ… ဖွ.. လွဲပါစေ ဖယ်ပါစေ၊ ကြီးကြီးရွှေနော် ဘာတွေ မဟုတ်မဟပ်တာတွေ လာပြောနေတာလဲ…´´

``အော်… သေမှာ ကျတော့ ကြောက်လိုက်တာ၊ အပြောလေးတောင် မခံနိုင်ဘူး… ´´

``အို… သူများ က ငယ်ငယ်လေး ရှိသေးတာ၊ လေကကြီးမှာ စူးစမ်းဖို့ ကိစ္စတွေ အများ ကြီး ရှိသေးတယ် ကြီးကြီးရွှေကြီးရဲ့ သိရဲ့ လား´´

``ညည်းလေးက ဘာတွေ များ စူးစမ်းမလို့လဲ၊ ငါ မပြောလိုက်ချင်ပါဘူး…´´

``အို.. မပြောပါနဲ့… မပြောပါနဲ့… ကြားရတဲ့ လူနားမချမ်းသာလွန်းလို့ပါ´´

``ကဲပါ.. ညည်း ဘာတွေ ညာတွေ ပြောမနေနဲ့၊ ရေချိုးခန်းထဲက မြန်မြန်ထွက်၊ ဖအေလုပ်တဲ့လူ ကတော့ သမီးဖျားမှာ နာမှာ စိုးလို့ တဖွဖွ မှာ သွားလိုက်တာ ဂိတ်ပေါက်အထိပဲ…´´

``အဟွန်း.. ချစ်တာကိုး ကြီးကြီးရွှေကြီးရဲ့ …´´

``ဟွန်း… ချစ်စရာ ကောင်းလွန်းတာကိုး…´´

``ကြီးကြီးရွှေက ဘယ်ချစ်တတ်မလဲ၊ သူများ လို လင်ယူသားမွေး မလုပ်တော့ အပျိုကြီးဥတစ်လုံးကြီး ဖြစ်နေတာကိုး အဟင်း… ဟင်း.. ဟင်း..´´

``ကောင်နာမလေးနော်.. လူကြီးကို ဒီလိုပြောရသလား နင့်ကို မိုးကြိုးပစ်မယ် သတိထား…´´

ဒေါ်ရွှေ တစ်ယောက် မခံချင်စိတ်ဖြင့် စွေ့စွေ့ခုတ်မတတ် ဖြစ်သွားသည်။

``ဟော… ပြောပြန်ပြီး ရက်ရက်စက်စက် စကားတွေ …´´

``တော် ပြီ… တော် ပြီ၊ ဒီနေ့တော့ နင်နဲ့စကား ဆက်ပြောနေရင် ဆုံးတော့မှာ ကို မဟုတ်တော့ဘူး…´´

``ကျွဲမြီး တိုသွားပြီး ဟေ့... ဟား.... ဟား... ဟား....´´

ခြေဆောင့်၍ ထွက်ခွာသွားသော ဒေါ်ရွှေကို သဘောကျသွားဟန်ဖြင့် ဆုမျက်ခြယ်သည် တဟားဟား အော်ရယ်ရင်း ရေကို တဖြန်းဖြန်း ရိုက်ကစားလိုက်သည်။

တစ်ခါတစ်ခါတော့လည်း အဒေါ်ပျိုကြီးမမကို စ,ရတာ ပျော်စရာ အကောင်းသား။

ဆုမျက်ခြယ်သည် ရေသန့်ဖြင့် သူ့ကိုယ်ကို သန့်စင်ပြီး အမွေးပွ မျက်နှာသုတ်ပဝါကြီးကို ကြိုးတန်းမှ ဆွဲချကာ သူ့ကိုယ်ပေါ်တွင် ခြုံရုံလိုက်သည်။

ပါးစပ်က သီးချင်းကလေး တညည်းညည်းဖြင့် သူ့အဝတ်ဗီရိုကြီးကို ဖွင့်လိုက်ပြီး အဝတ်အစားထပ်ကို လက်ညှိုးကလေး တဝေ့ဝေ့နှင့် ရှာဖွေကြည့်နေ၏ ။

စိတ်တိုင်းကျ အဝတ်တစ်စုံကို သူတွေ့ရှိသွားပြီး ဆွဲထုတ်လိုက်သည်။

နက်ပြာရောင် ဘီဘဲလ်လုံချည်နှင့် နို့နှစ် ရောင် နှစ် ထပ် ဇာဘလောက်အင်္ကျီတစ်ထည်။

ဆုမျက်ခြယ်သည် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် အဝတ်များ ကို ကပ်ကြည့်ပြီးနောက် ကုတင်ပေါ်တွင် ပစ်တင်ထားလိုက်ပြီး ဖြီးလိမ်းခြယ်သမှု များ ကို စတင်ပြု လေတော့သည်။

သူ့ မှန်တင်ခုံပေါ်တွင် အဖိုးတန် ရေမွှေး၊ ပေါင်ဒါ၊ မိတ်ကပ်၊ နှုတ်ခမ်းဆိုးဆေးများ နှင့် အခြားအခြားသော အလှပြင်ပစ္စည်းများ ပြည့်နှက်နေ၏ ။

ထို မြောက်များ လှစွာ သော ပစ္စည်းများ ထဲမှ စိတ်ထဲတွင် အာသီသရှိလာသည်များ ကို ရွေးကာ ရွေးကာဖြင့် သူ့မျက်နှာ နုနုလှလှကလေးကို လှသည်ထက် လှအောင် လိမ်းခြယ် ပြင်ဆင်နေ၏ ။

နဂိုက လှပြီးသား မျက်လုံးကလေးနှစ် ဖက် ပိုနက်၍ အလှပို၍ ပီပြင်လာ၏ ။ လိုင်နာနက်နက်ကလေး ဆွဲထားသော သူ့မျက်ဝန်းကျယ်ကျယ်ကလေးသည်

ထူထဲကော့ပျံနေသော မျက်တောင်များ ကို တန်ဆာဆင်ကာ ရွှဲလည်နေအောင် လှနေသည်။

ကော်ဖီရောင် ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးကလေး ဆိုးထားသော နှုတ်ခမ်းပါးကလေး နှစ် လွှာကလည်း ပြည့်ပြည့်တင်းတင်းကလေးနှင့် တိတိပပကလေး လှနေ၏ ။

မျက်နှာကလေးကို စိတ်တိုင်းကျ ခြယ်သမှု ပြီးဆုံးသွားသည့်အခါတွင် တော့ ခေါင်းတွင် ပေါင်းထားသေ မျက်နှာသုတ်ပဝါကို ဖြုတ်လိုက်သည်။

ပိတုန်းရောင် လို နက်၍ ပိုးသားလို့ နူးညံ့အိထွေးသော ဆံပင်များ သူ့ကျောပေါ်သို့ အိခနဲ ကျလာသည်။

ခါးအထိရှည်သော ဆံပင်ဖြောင့်ဖြောင့် စင်းစင်းကလေးများ ...

ဆုမျက်ခြယ်သည် ဆံပင်ကို ဘရပ်ချ်ဖြင့် ဖြီးချလိုက်ပြီး ဘီးကုပ်ဖြူဖြူကလေးဖြင့် နောက်သို့ လှန်၍ ဖိချထားလိုက်သည်။

သူ့ရှေ့က ကြေးမုံပြင်ထဲတွင် သိပ်ကိုလှနေတဲ့ အသွင်ကလေး ပေါ်လာသည်။

အားရနှစ် ခြိုက်စွာ တစ်ချက်ပြုံး လိုက်ပြီး ကုတင်ဆီသို့သွားကာ အဝတ်အစားများ ကို ဝတ်ဆင်လိုက်သည်။

နက်ပြာရောင် ထဘီတိုတိုကလေးနှင့် နို့နှစ် ရောင် နှစ် ထပ်ဇာ လက်ပွဲဘလောက်စ်ကလေး။

ဆုမျက်ခြယ်နှင့် တအား လိုက်ဖက်လှသည်။

ဆုမျက်ခြယ် ဆုတောင်းကောင်းခဲ့ဟန် တူသည်။

ဆုမျက်ခြယ်သည် ဆံဖျားမှသည် ခြေဖျားတိုင်အောင် နယ်လှပခြင်းတို့ဖြင့် ပြီးပြည့်စုံနေ၏ ။

ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် သူ့ကိုယ်ကို ရှေ့ကြည့် နောက်ကြည့် ဘေးကြည့်

အမျိုးမျိုး သုံးသပ်ပြီး အားရကျေနပ်တော့မှ ကုတင်ပေါ်တွင် အသင့်ချထားသော ဆလင်းဘတ်ကလေးကို ပြေး၍ ကောက်လွယ်လိုက်ပြီး အဖိုးတန် ဖိနပ်မျိုးစုံ စီထားသော ဖိနပ်စင်ဆီသို့ ရောက်သွားပြန်သည်။

သားရေသားကလေး အိညက်နေသည့် ကြိုးသိုင်းဖိနပ် ပြားပြားကလေးကို သူ ရွေးချယ်၍ စီးလိုက်သည်။

``ဟဲ့.. ဒါက ဘယ်လဲ´´

ဆုမျက်ခြယ်၏ ခြေလှမ်း တန့်ခနဲ ဖြစ်သွားသည်။

လှေကားပေါ်က ပြေးဆင်းလာသော ဆုမျက်ခြယ်ကို ဧည့်ခန်းထဲတွင် လှည်းကျင်းပြင်ဆင်နေသော ဒေါ်ရွှေက မေးလိုက်သည်။

``သွယ်တို့ အိမ်ကို´´

တိုတိုတုတ်တုတ်ကလေး သူက ဖြေလိုက်သည်။

``ညည်းလေးက ခက်ပါတယ်၊ အိမ်ထဲက အိပ်ပြင် မထွက်စေချင်ပါဘူး ဆိုနေမှ ဆီအပေါက်ရှာသလို ထွက်ဖို့ ကိစ္စချည်းပဲ´´

``ကြီးကြီးရွှေကြီးကလည်း လူကိုမြင်ရင် ဆူဖို့ချည်းပဲ၊ သွယ့်ဆီသွားဖို့ ဖေဖေက ပိုက်ဆံပေးသွားတာ သိရဲ့ လား´´

``အစ်ကိုကြီးတော့များ တော်အံ့ရောပဲ အလိုလိုက်တာ တရားကို လွန်တယ်´´

``ကိုယ့်ကုသိုလ်နဲ့ကိုယ် ဖြစ်လာတာပါ ကြီးကြီးရွှေရဲ့ ၊ အဟဲ.. ဟဲ.. ဟဲ´´

ဒေါ်ရွှေက တူမလေးထံသို့ မျက်စောင်းနက်နက်ကြီးတစ်ချက် ခဲလိုက်သည်။

ဆုမျက်ခြယ် ကတော့ ရယ်မောရင်း စန္ဒရားကြီး ပေါ်မှ ကားသော့ကလေးကို ယူကာ ပျံလွှားငှက်ကလေး တစ်ကောင်လို အိပ်နောက်ဖေး ကားဂိုဒေါင်ဆီသို့ ပြေးထွက်သွားပါလေတော့သည်။

*

# အခန်း (၄)

အမိုးဖွင့် ကားဖြူဖြူကလေး တစ်စီးသည် အမှတ် (........) အေး၊ အင်းလျားလမ်းရှိ ကျယ်ဝန်းသော ခြံဝင်းကြီးထဲမှ ထွက်ကာ အင်းလျားလမ်းအတိုင်း တောက်လျှောက် မောင်းထွက်လာ၏ ။

ထိုမှတဆင့် မင်္ဂလာဒုံဘက်သို့ ချိုးကွေ့ကာ ရန်ကုန်ပြည်လမ်းမကြီးအတိုင်း ဆက်၍ မောင်းနှင်နေပြန်သည်။

ကားမောင်းရင်း နောက်ကြည့်မှန်ကို သူ သတိထား၍ ကြည့်ကြည့်နေခဲ့သည်။

ထင်တဲ့အတိုင်းပါပဲ...။

သူ့ကားဖြူကလေး တံတားဖြူအလွန်လောက်တွင် ဖင်မလီယာ တူးဒိုးကား အပြာရင့်ရောင် လေးတစ်စီးသည် သူ့ကားကို ခပ်လှမ်းလှမ်းမှခွာ၍ နောက်ယောင်ခံ လိုက်ာသည်ကို ဆုမျက်ခြယ် တွေ့လိုက်ရသည်။

ပို၍ သေချာသွားအောင် သူ့ကားက အရှိန် လျှော့ချလိုက်၊ အခြားကားတွေ ကို မဟားတရား ကျော်တက်၍ မောင်းလိုက်နှင့် စမ်းသပ်ကြည့်လိုက်သည်။

ဖင်မလီယာကားကလေးသည် သူ့ကားကို မျက်ခြည်အပြတ်မခံဘဲ ရှိနေ၏ ။

``ဟွန်း... သိမယ်၊ တွေ့ကြေရာပေါ့´´

ဆုမျက်ခြယ်သည် သူ့ကားကလေးကို သမိုင်းကောလိပ်ဘက်သို့ ချ ိုးကွေ့လိုက်သည်။

လူသူကင်းရှင်းနေသည့်လမ်းပေါ်သို့ ရောက်သည့်အခါတွင် သူ့ကားကို ရုတ်တရက်ရပ်၍ ဘက်ဂီယာထိုးပြီး နောက်သို့ တအား ဆုတ်မောင်းလိုက်သည်။

နောက်ကကား အူကြောင်ကြောင် ဖြစ်သွားသည်။

ဝေါခနဲ ဆုတ်ဝင်လာသော ကားကို ရှောင်ရန် လမ်းဘေးသို့ ထိုးချလိုက်၏ ။

အခြေအနေမှာ မဟားတရား ဖြစ်သွားရသည့်အတွက် တစ်ဖက်လူ၏ ဒေါသဒီဂရီကို ထိုးတက်သွားစေသည်။

``တောက်...´´

``ဝုန်း....´´

တက်ခေါက်၍ တံခါးကို ဖွင့်ဆင်းကာ ဝုန်းခနဲ ပြန်ပိတ်ပြီး သူ့ကို မထီသလို ကြည့်နေသော ဆုမျက်ခြယ်ထံသို့ သူ ခြေလှမ်းကျဲကြီးများ ဖြင့် လျှောက်သွားလိုက်သည်။

သူ့မျက်နှာ တည်တည်ခန့်ခန့်ကြီးသည် နီမြန်း၍ ခက်ထန်နေ၏ ။

``မင်း ဘယ်လို လုပ်တာလဲ၊ ဒုက္ခရောက်သွားနိုင်တယ် သိလား....´´

သူ့အသံက မာထန်နေသည်။

``သိသားပဲ၊ တမင်လုပ်တာပဲဥစ္စာ...´´

ဆုမျက်ခြယ်က မထီဟန်ကလေးဖြင့် မျက်နှာကလေး မော့မော့ချီကာ ပြောလိုက်၏ ။

``ဘာပြောတယ်ကွ....´´

``ရှင် မြန်မာစကား နားမလည်ဘူး ထင်တယ်...´´

ဆုမျက်ခြယ်၏ အေးအေးစက်စက် မထိတထိ အမူအရာကို တွေ့ရလေလေ၊ နေရှိန်းမှာ ဒေါသထွက်လေလေ ဖြစ်နေ၏ ။

``တောက်.. စိတ်ရှိလက်ရှိ ဆွဲခါပစ်လိုက်ရရင် မင်းတော့ သေတော့မှာ ပဲ....´´

``ဒေါသကြီးလှချည်လား ကိုယ်တော် ချောကြီးရဲ့ ၊ ရှင်ကြီးက ဒီက သက်တော် စောင့်ဆိုတာကိုများ မေ့သွားပြီလားဟင်... ဟင်း... ဟင်း....´´

``မင်း မင်း ကျုပ်အလုပ်ဝတ္တရားကို နှောင့်ယှက်မှု အတွက် မင်းအဖေကို တိုင်ရမယ်...´´

``ဒီလောကကြီးထဲမှာ ဒီကကြောက်တဲ့လူ မမွေးသေးဘူးဆိုတာ ရှင်ကြီး မသိသေးဘူးနဲ့တူတယ်၊ ဒီမှာ ... ရှင် ဒီအလုပ်ကို လက်မခံဖို့ မရဘူးလား ဟင်....´´

``ကျုပ်က လူကြီးကို ရိုသေတယ်၊ အမိန့်ကို တစ်သဝေမတိမ်း နားထောင်တတ်တဲ့ လူစားမျိုး ဆိုတာ မင်း သိထားဖို့လိုတယ်....´´

``ရှင်... ဒီက နောက်ကို အရိပ်လို လိုက်နေတာ မကြိုက်ဘူးရှင်...´´

မျက်နှာကလေး သုန်မှုန်စွာ ဖြင့် ဆုမျက်ခြယ်က ပြောလိုက်သည်။

``မကြိုက်ရင်၊ ကျုပ်ကို မလိုက်ခိုင်းဖို့ မင်းအဖေကို ပြောပေါ့၊ လွယ်လွယ်လေးပဲ၊ ကိုယ့်သဘောနဲ့ကိုယ် ကတော့ ဘယ်တော့မှ တာဝန်တစ်ခုကို မပစ်ပယ်ဘူး မင်း သိထားလိုက် ´´

နေရှိန်းကလည်း ဘုကျကျကြီး ပြန်ပြောလာသည်။

``မရလို့ပေါ့...´´

``ဒါဖြင့် ရှင်းနေတာပဲ၊ ကိုယ့်တာဝန်ကို ကိုယ်က ထမ်းဆောင်ရမှာ ပဲ´´

``ဒီမှာ ရှင့်...´´

ဆုမျက်ခြယ်က သူ့ကားဆီသို့ လှည့်ထွက်ဟန် ပြင်လိုက်သော နေရှိန်းကို တားလိုက်သည်။

``ဘာလဲ´´

ဆုမျက်ခြယ်ကို နေရှိန်းက ဘုဆတ်ဆတ ကြည့်လိုက်သည်။

``ရှင်နဲ့ အပေးအယူ လုပ်ချင်တယ်´´

``အပေးအယူ၊ ဘာ အပေးအယူလဲ´´

နေရှိန်း အံ့အားသင့်ဟန်ရှိသွားပြီး မျက်ခုံးနှစ် ဖက်ကို ကျုံ့ကာ ဆုမျက်ခြယ်၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

ဆုမျက်ခြယ်သည် သူ့ဆလင်းဘတ်ကို ကပျာအယာ ဖွင့်လိုက်ပြီး အတွင်းက ငွေငါးထောင်စည်းကို ထုတ်ယူလိုက်သည်။

``ဒီငွေက ရှင့်အတွက်၊ ငါးထောင်းတိတိရှိတယ်´´

``နေစမ်းပါဦး၊ ဒီပိုက်ဆံယူပြီး ကျုပ်က ဘာလုပ်ရမှာ လဲ´´

နေရှိန်းက ငွေတေကို မျက်မှောင်ကြုတ်၍ ကြည့်ကာ မေးလိုက်သည်။

``ခု... လက်ရှိ တာဝန်ယူထားတဲ့ အလုပ်ကို စွန့်လွှတ်ဖို့ ပေးတာ၊ ယူပါ ဘယ်သူမှ မသိစေရပါဘူး´´

နေရှိန်းက ငွေစက္ကူထုပ်ကို ဖျတ်ခနဲ လှမ်းယူလိုက်သည်။

``ငွေနဲ့ပေါက်ရင် ဘာမခံနိုင်မလဲ´´ ဟူသော အမူအရာဖြင့် ဆုမျက်ခြယ်က နေရှိန်း၏ မျက်နှာကို ကြည့်နေ၏ ။

မျက်နှာပေးကလေးက ပြီတီတီ....။

နေရှိန်းသည် ငွေငါးထောင်စည်းကို ဟိုဘက်သည်ဘက် လှန်ကြည့်ပြီး ရှိသမျှအားကို အသုံးချကာ အဝေးသို့ လွှင့်ပစ်လိုက်သည်။

ဆုမျက်ခြယ် ထင်မှတ်မထားသော အလုပ်ကို နေရှိန်းက လုပ်လိုက်ခြင်း ဖြစ်သည်။

``ဟင်... ရှင်... ရှင် ဒါ ဘာလုပ်တာလဲ´´

ကောင်မလေး ကားထဲက ဝုန်းခဲနဲ ထွက်ကာ စွေ့စွေ့ခုန်သွား၏ ။

``မြင်တဲ့အတိုင်းပဲလေ´´

နေရှိန်း ပခုံးတစ်ချက်တွန့်၍ အေးတိအေးစက် အမူအရာဖြင့် ပြောလိုက်သည်။

``အဲဒါ ငွေငါးထောင်ရှင့်၊ ငွေငါးထောင်၊ တစ်ပြားနှစ် ပြား မဟုတ်ဘူး သွားကောက်ပေး´´

``အဲဒီ ငွေငါးထောင်က ကျုပ်အတွက် တန်ဖိုးမရှိဘူး၊ ခင်ဗျားလေးအတွက် တန်ဖိုးရှိတာဆိုရင် ကိုယ့်ဘာသာကိုယ် သွားကောက်´´

``ဟွန်း.. လူပါးဝလိုက်တာ၊ သူ့ကိုယ်သူ ဘာကောင်ကြီးမှတ်နေသလဲ မသိဘူး၊ ကောင်းကောင်း သတိထားနေပါ´´

``ဒီမှာ ....´´

နေရှိန်းက ကောင်မလေး၏ လက်ကောက်ဝတ်ကို ဖမ်း၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

``မင်းလည်း ကောင်းကောင်းသတိထားနေပါ၊ နေရှိန်းတဲ့ တစ်ရှိန်းတည်း ရှိတယ် မှတ်ထား၊ သိန်းနှစ် ဆယ်လောက် ပုံပေးလည်း တာဝန်နဲ့ ဝတ္တရားကို ဘယ်တော့မှ ရောင်းမစားဘူး... သွား´´

သူ့စကားအဆုံးတွင် ဆောင့်တွန်းပစ်လိုက်သည်။

ဒေါသအိုး ဝက်ဝက်ကွဲနေသော ဆုမျက်ခြယ်မှာ တော့ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်နေသည်။

နေရှိန်းသည် သူ့ကားဆီသို့ ပြန်သွားလိုက်ပြီး ယာဉ်မောင်းနေရာတွင် ထိုင်ကာ ဆုမျက်ခြယ်၏ လှုပ်ရှားမှု များ ကို မမိတ်မသုန် လှမ်းကြည့်နေသည်။

ဆုမျက်ခြယ်သည် ငွေစက္ကူစည်း ကျသွားရာနေရာဆီသို့ အပြေးကလေး သွားကာ ကောက်ယူခဲ့ပြီး သူ့ကားပေါ်ကို တက်ကာ တစ်ရှိန်ထိုးမောင်း၍ ထွက်ခွာသွားတော့သည်။

နေရှိန်းလည်း သူ့နောက်က မျက်ခြည်မပြတ် လိုက်ခဲ့ရင်း သည်တဇွတ်းထိုး တစောက်ကန်းမကလေး လမ်းမှာ အန္တရာယ်မ ဖြစ်ပါစေနဲ့ဟု ဆုတောင်းလာခဲ့ရ၏ ။

သူ မောင်းနှင်နေပုံကလည်း သည်းထိတ်ရင်ဖိုစရာ ကောင်းနေ၏ ။

ဆုမျက်ခြယ်သည် သမိုင်းဘက်သို့ ဖောက်ထွက်ပြီး ရန်ကုန်ဘက် ဦးတည်ကာ

အင်းလျားလမ်းရှိ သူ့အိမ်ဆီသို့ ပြန်မောင်းလာခဲ့ခြင်း ဖြစ်သည်။

တစ်သက်နှင့် တစ်ကိုယ်တွင် သူကသာ အရာရာကို လွှမ်းမိုးအနိုင်ရခဲ့သူမို့ ယခု အရှုံးကြီးရှုံးခဲ့ရသည့်အတွက် မခံချင်စိတ်၊ မုန်းတီးစိတ်၊ နာကြည်းစိတ်တွေ ဖြင့် သူ့ကိုယ်ထဲက သွေးများ ဆူပွက်နေသည်ဟု ထင်ရ၏ ။

``ဟရေး ´´

ခြံစောင့်ကြီး ရန်ကနား တစ်ယောက် မျက်လုံးပြူး ပြန်လေသည်။

ဂိတ်တံခါး ဖွင့်ပေးသော သူ့ကို မတိုက်ရုံတမယ် မောင်းသွားပြန်လေသည် မဟုတ်ပါလား။

ရန်ကနား ခေါင်းကို တယမ်းယမ်းခါပြီး ဂိတ်တံခါးကြီးကို ပိတ်လိုက်သည်။

ဆုမျက်ခြယ် ကတော့ ဆင်ဝင်အောက်တွင် ကားကို ဒက်စတော့ အုပ်ရပ်လိုက်ပြီး ဆလင်းဘတ်ကိုဆွဲကာ သူ့အိပ်ခန်းရှိရာသို့ တဟုန်ထိုးလေး ထွက်ခဲ့တော့သည်။

``မြတ်စွာ ဘုရား ဘယ်လိုတွေ ဖြစ်လာတာလဲ....´´

ရင်ထိတ်သွားသော ဒေါ်ရွှေသည် ရင်ဝကိုလက်ဖြင့် ဖိရင်း အိမ်ပေါ်ထပ်သို့ အပြေးကလေး လိုက်တက်ခဲ့သည်။

``ဟင်... ဆုလေး ဘာတွေ ဖြစ်လာတာလဲ၊ ကြီးကြီးရွှေ ရင်တုန်လိုက်တာကွယ်... ´´

ခုတင်ပေါ်တွင် မှော က်ကာ တအီးအီး အသံထွက်အောင် ငိုနေသော တူမချောကို ကြည့်ပြီး ဒေါ်ရွှေ တစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေရ၏ ။

``ဟဲ့... နည်းနည်း များ လည်း ပြောပါဦး ဘာတွေ ဖြစ်လာသလဲလို့...´´

ဒေါ်ရွှေက ဆုမျက်ခြယ်၏ ပခုံးကလေး နှစ် ဖက်ကို ကိုင်ကာ မေးလိုက်သည်။

``ဟို ဟိုကောင်နာကြီးပေါ့၊ အားကြီး လူပါးဝတယ်၊ သိပ်မုန်းတယ် သိလား၊

အဟင့်… ဟင့်… ဟင့်´´

``ဘယ်က ကောင်နာကြီးလဲ´´

``ဟို… ဟို ခွစာပေါ့… လုံးဝမကျေနပ်ဘူး သိလား´´

``အင်း…. ကောင်နာကြီးတွေ ခွစာတွေ ရှုပ်နေတာပါပဲလားအေ့၊ ဒီမှာ …. ညည်းလေး ဘယ်သူ့ကို ပြောတယ်ဆိုတာ ကြီးကြီးရွှေ သိပြီ၊ သူ့ကို ဘာ ဖြစ်လို့ ညည်းလေးက ဂရုစိုက်နေတာလဲ….

``ဖအေက ညည်းကို စိတ်မချနိုင်လွန်းလို့ စောင့်ရှောက်ပေးထားတဲ့လူကို ညည်းလေး ချစ်စရာလည်း မလိုဘူး၊ မုန်းစရာလည်း မလိုဘူး၊ မရှိသလို မသိကျိုးကျွံ နေလိုက်ရင်လည်း ပြီးတာပဲ…

``ဒါကိုလည်း ညည်လေးက ပြဿ နာရှာနေတာ၊ခက်တာပဲအေ…..´´

``အို…. ကြီးကြီးရွှေ မသိပါဘူး၊ သူများ စိတ်ကျဉ်းကျပ်တယ် သိလား… သူများ က အချုပ်အခြယ် အနှောင်အဖွဲ့ဆိုရင် ဘာမှ မကြိုက်ဘူး…

``ဒီကြားထဲ ဆန်မရှိ ဟန်ကြီးအစားထဲက ဘုကန့်လန့်ခွစာကြီး၊ သူများ နောက်မှာ အရိပ်လို လိုက်နေတာ လုံးဝကို မကြိုက်ဘူး ဒါပဲ…´´

``အင်း… ခက်ပါလား…. ဆုရယ်….´´

ဆုမျက်ခြယ်က နီရဲ၍ ယောင်အမ်းအမ်း ဖြစ်နေသော သူ့လက်ကောက်ဝတ်ကလေးကို ကြည့်ပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။

``ဟဲ့… ဆုလေး လက်ကောက်ဝတ်က ဘာ ဖြစ်တာလဲ ဟင်….´´

လက်ကောက်ဝတ်ကလေးကို သတိပြုမိသွားသော ဒေါ်ရွှေက ဆတ်ခနဲ ဆွဲယူကြည့်သည်။ ပြီး ပြူး ပြူး ပျာပျာဖြင့် မေးလိုက်သည်။

``သူပေါ့… အဟင့်… ဟင့်… သူ လုပ်တာ….´´

``ဘာ.. ဒီကောင်က ငါ့တူမ လက်ကောက်ဝတ်ကို အနာတရရအောင် လုပ်တယ်ဟုတ်စ...

``အောင်မာ စော်စော်ကားကား တော်၊ ယင်ဖိုတောင် အသန်းမခံရဘဲထားတဲ့ ငါ့တူမ နုနုထွတ်ထွတ်ကလေးကို သူက ဘာဆိုင်လို့ ဒီလိုလုပ်ရမှာ လဲ၊ သိမယ် မိရွှေအကြောင်း သိစေရမယ်......

``ဒီကောင် ခု ဘယ်မှာ လဲ´´

``ဟို ခြံပြင်မှာ ပဲ ရှိမှာ ပေါ့.. အဟီး....´´

``သိမယ်... သိမယ်.. မျက်နှာသာပေး ရွှေရေး ပန်းကန်တက်တဲ့ကောင်....´´

အင်္ကျီလက်စကိုပင့်၊ ထဘီကို တိုတိုပြင်ဝတ်ပြီး တရှူး ရှူး ဒေါသသံတွေ ထွက်ကာ ဒေါ်ရွှေကြီးလည်း ဆုမျက်ခြယ်၏ အိပ်ခန်းမှ ထွက် သွားပါတော့သည်။

``ကြီးကြီးရွှေ....´´

ဆုမျက်ခြယ်က မျက်လုံးမျက်ဆန်ပြူး စွာ ဖြင့် အဒေါ် ဖြစ်သူကို လှမ်းအော်လိုက်သည်။

ဒေါ်ရွှေက မကြား။

သူ့တစ်ကိုယ်လုံးမှာ ဒေါသတွေ ဆူပွက်နေ၏ ။

ဆုမျက်ခြယ်၏ ခေါင်းထဲသို့ လှစ်ခနဲ အကြံတစ်ခု ဝင်လာ၏ ။

ငိုနေရင်းက မျက်နှာကလေး ဝင်းကြည်သွားအောင် ပြုံး လာ၏ ။

``အဟီး....´´

သူ့ ပါးစပ်လှလှကလေးက ရယ်သံများ ပင် ထွက်နေသေးတော့၏ ။

*

``ဟရေး ... မရွှေး... ဘယ်လဲ....´´

တွေ့ရာခုံဖိနပ်ကြီး ကောက်စွပ်ကာ ဒေါင်းတင်မောင်းတင်သွားနေသော ဒေါ်ရွှေကို ခြံစောင့် ဦးရန်ကနားကြီးက လှမ်းမေးလိုက်သည်။

ဒေါ်ရွှေသည် လှည့်ကြည့်ဖော်ပင် မရ။

``ဟရေ.... မရွှေ... ဘာ ဖြစ်လဲ....´´

ဦးရန်ကနားလည်း မြေဆွနေသော လက်ထဲကခက်ရင်းခွကလေးကို ချကာ၊ ဒေါ်ရွှေ၏ နောက်သို့ အပြေးကလေး လိုက်လာခဲ့သည်။

ခြံပြင်တစ်နေရာတွင် ကားနောက်ခန်းကို ဖွင့်၍ တစ်စုံတစ်ခုကို လူရွယ်တစ်ယောက် က နှိုက်ယူနေ၏ ။

``အဲ... ဒီကောင်ပဲ ဖြစ်ရမယ်...

``ဟော့... ဒီမှာ ...´´

လက်တစ်ဘက် ခါးကိုထောက်၊ ကျန်တစ်ဖက်က လူရွယ်၏ ကျောပြင်ကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

``အာ... ဘယ်လို ဖြစ်တာလဲ´´

နေရှိန်းသည် ကိုယ်ကြီး ဆတ်ခနဲ တောင့်သွားပြီး ဒေါ်ရွှေ၏ မျက်နှာကို ကြည့်လိုက်သည်။

``မင်းလားကွာ ဟိုအိမ်က တရားသူကြီး ဦးမြတ်ထွန်း သမီးကို စောင့်ရှောက်ဖို့ ခေါ်ထားတဲ့ လူ´´

``ဟို.. ဟုတ်... ဟုတ်ပါတယ်´´

``ဟုတ်ရင် ချတယ်ဟေ့´´

ဒေါ်ရွှေလက်ကြီး လေတွင် တန့်ခနဲ ဖြစ်သွားပြီ။

``အား....´´

နာနာကြည်းကြည်း ပါးစပ်က အော်သံ ထွက်လာသည်။

``နေပါဦးဗျ၊ ဒါက ဘာလုပ်တာလဲ၊ ဘယ်လို ဖြစ်လာတာလဲ´´

ကိုယ်ထိလက်ရောက် စော်ကားရန် လာသူကို နေရှိန်း ဒေါသတအား ထွက်သွားသည်။

``မင်း ငါ့တူမကို ဘာစော်ကားတာလဲ၊ မင်း ကိုယ်ထိလက်ရောက် ငါ့တူမကို ဘာမှ လုပ်စရာ မလိုဘူး၊ မင်း သေသွားမယ်၊ နားလည်လား´´

``မရွှေး... မရွှေး´´

``ဟဲ့ ရန်ကနား သွားစမ်း နင့်အလုပ်မဟုတ်ဘူး၊ မင်း ငါ့လက်ကို ခုလွှတ်စမ်း၊ မင်း ဒုက္ခလှလှကြီး ရောက်သွားမယ်၊ ဘာမှတ်သလဲ ဟင်´´

နေရှိန်း ကောင်းကောင်းကြီး သဘောပေါက်သွားသည်။

ငွေနှင်းဖြူအိမ်ကြီးဆီသို့ တစ်ချက်လှမ်းကြည့်ပြီး နေရှိန်း ပြုံး လိုက်သည်။

``မလေးမခန့်နဲ့ မင်းက ဘာပြုံး တာလဲ ဟင်၊ မင်း သတ္တိရှိရင် ငါ့လက်ကို လွှတ်လိုက်စမ်းပါ´´

``သိပ် ဒေါသမကြီးပါနဲ့ ကြီးကြီးရွှေ´´

```ဘာ... မင်း ငါ့ကို ဘယ်လို ခေါ်လိုက်တယ်´´

ဒေါ်ရွှေ အံ့အားသင့်သွားသည်။

``ကြီးကြီးရွှေလို့ ခေါ်လိုက်တာပါ၊ ဆုလည်း အဲသလိုပဲ ခေါ်တယ် မဟုတ်လား....
```

``ကြီးကြီးရွှေ ကျွန်တော် ပြောတဲ့စကားကို ဆုံးအောင် နားထောင်ပြီးမှ မကျေနပ်ရင် ကြီးကြီးရွှေ စီးထားတဲ့ ခုံဖိနပ်နဲ့ ကျွန်တော့် ကို ရိုက်ပါ၊ လက်နဲ့ရိုက်ရင် ကြီးကြီးရွှေရဲ့ လက် နာနေပါဦးမယ်´´

အသံဝါဝါကြီးဖြင့် ရည်ရည်မွန်မွန် ပြောနေသော နေရှိန်း၏ မျက်နှာကို ကြည့်ကာ ဒေါ်ရွှေထံမှ စောစောက တရှိန်းရှိန်း တက်နေသော ဒေါသများ လွင့်ပြယ်၍ သွားနေ၏ ။

နေရှိန်းက ဒေါ်ရွှေ၏ လက်ကို အသာလွှတ်ပေးလိုက်သည်။

``ကျွန်တော် ဒီအလုပ်ကို လုပ်ခဲလိုက်ကတည်းက ဒီအိမ်မှာ အိမ်သား ဘယ်နှစ်ယောက် ရှိတယ် ဆိုတာရယ် သူတို့အလေ့အထနဲ့ အသွားအလာမှန်သမျှကို လေ့လာထားလိုက်တယ် ကြီးကြီးရွှေ....

``ဒါကြောင့် ဒီမနက်ကပဲစ,ပြီး ဆုမျက်ခြယ် မနက်တိုင်း ကျန်းမာရေး လေ့ကျင့်ခန်း ယူတတ်တဲ့အတွက် သူနဲ့အနီးဆုံး နေရာမှာ ကျွန်တော် ရှိခဲ့တယ်...

``အဲ... စောစောက သူ ကားတစ်စီးနဲ့ ထွက်သွားတော့လည်း ကျွန်တော် တာဝန်နဲ့ ဝတ္တရားအရ သူ့နောက်ကို ကျွန်တော် လိုက်ခဲ့ရတယ်....

``အဲဒါကို ကြီးကြီးရွှေရဲ့ တူမလေးက ကျွန်တော့် ကို ပညာတွေ အမျိုးမျိုးပြပြီး ကားကို သမိုင်းကောလိပ်ထဲကို မောင်းသွားခဲ့တယ်၊ ဟိုရောက်တော့ ကျွန်တော့် ကားရှေ့က ရုတ်တရက် ပိတ်ရပ်ပြီး ခု ကျွန်တော် လက်ခံထားတဲ့အလုပ်ကို မလုပ်ဖို့ ငွေငါးထောင်နဲ့ လာဘ်ထိုးတယ်´´

``ဟယ်တော် ´´

ဒေါ်ရွှေ ရင်ဝကို လက်ဖြင့် ဖိကာ အံ့အားသင့်သွား၏ ။

``ကြီးကြီးရွှေ စဉ်းစားကြည့်ပါ၊ သူ့လုပ်ရပ်က စော်ကားရာ မကျလွန်းဘူးလား... ဟင်´´

``အို... ဟုတ်တာပေါ့၊ ဟုတ်တာပေါ့´´

``ကျွန်တော် သိပ်စိတ်ဆိုးတယ်ဗျာ´´

``အေးလေ ဆိုးတော့မပေါ့´´

``စိတ်ဆိုးဆိုးနဲ့ သူ့ ပိုက်ဆံတွေ ကို လွှင့်ပစ်လိုက်တယ် မချေမင်ပြောတဲ့ သူကိုလည်း ဒေါသထွက်ထွက်နဲ့ ဖမ်းဆွဲထားပြီး ကောင်းကောင်း ကြိမ်းပစ်လိုက်တယ်၊ တမင်လုပ်တာ မဟုတ်ပါဘူး၊ ဒေါသအလျော် ဖမ်းဆွဲမိလို့ သူ့လက်နာသွားတာပါ....

``သူ.... သူ သိပ်များ နာနေသလား... ဟင် ကြီးကြီးရွှေ ကျွန်တော် စိတ်မကောင်းဘူးဗျာ တကယ်ပါ....´´

နေရှိန်းက သူ့ဆံပင်ကို နောက်သို့ သပ်ချရင်း ညှိုးငယ်သော မျက်နှာဖြင့် ပြောလိုက်သည်။

``အောင်မလေး.. စိတ်မကောင်း မ ဖြစ်နဲ့ စိတ်မကောင်းမ ဖြစ်နဲ့၊ ဒါ... မိဆု လွန်တာ၊ သင်းကလေးကိုပဲ ဆုံးမရမယ်၊ အလို လိုက်လွန်းလို့ အားကြီး ကဲကဲဆတ်နေတဲ့ ဟာမလေး´´

``ကြီးကြီးရွှေ´´

ထဘီစကို မ,ကာ အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သော ဒေါ်ရွှေကို နေရှိန်းက လှမ်းဆွဲထားလိုက်သည်။

``ကျွန်တော် သူ့ကို ခွင့်လွှတ်ပါတယ်၊ ကြီးကြီးရွှေသွားပြီး ဆူမနေပါနဲ့တော့ဗျာ´´

``ဆူရမယ်.. ဆူရမယ်၊ ဒီဟာမလေး ကဲကို ကဲလွန်းနေပြီ´´

``သူက ကလေးသာသာပဲရှိသေးတာပဲ၊ နဂိုကတည်းကလည်း အလိုလိုက်ထားတဲ့ အရှိန်က ရှိနေတော့၊ ဒီလောက်တော့ ရှိမှာ ပေါ့ဗျာ၊ ကျွန်တော့် ဆရာကလည်း မှာ ထားတယ်။ သူ့ကိုတော့ သည်းညည်းခံရလိမ့်မယ်လို့´´

``အင်း… မောင်ရင်က သဘောထားကြီးပါပေတယ်ကွယ်၊ ကြီးကြီးရွှေ သိပ်ကျေနပ်ရှုးတင်ပါတယ်…..

``ဒီဟာမလေးကို နောင် လွှန်တာ မှာ းတာရှိလည်း ခွင့်လွှတ်ပြီး စောင့်ရှောက်ပေးပါလို့ တောင်းပန်ပါရစေနော်´´

``စိတ်ချပါ ကြီးကြီးရွှေ´´

``ဒါနဲ့ မောင်ရင့်နာမည် က´´

``နေရှိန်းပါ ကြီးကြီးရွှေ´´

``အေးကွယ် အခါအခွင့်သာရင် အိမ်ထဲလည်း ဝင်လည်ပါ၊ ကြီးကြီးရွှေ ဖိတ်ပါတယ်´´

``ဟုတ်ကဲ့ ခင်ဗျာ´´

``ကြီးကြီးရွှေ သွားဦးမယ်နော်´´

နေရှိန်းက သူ့ဦးခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သည်။

ဦးရန်ကနားကလည်း နေရှိန်းကို ပြုံး ၍ ခေါင်းညိတ်ပြပြီး ဒေါ်ရွှေနောက်သို့ လိုက်သွားသည်။

အိမ်ရှေ့ ဝရန်တာတွင် ထွက်၍ အခြေအနေကို စောင့်ကြည့်လေ့လာနေသော ဆုမျက်ခြယ်သည် ထဘီစကို မ,၍ ခြံထဲသို့ ဝင်လာသော ဒေါ်ရွှေကို တွေ့လိုက်ရ၏ ။

``ဟ… ဟုတ်ပြီး အနည်းဆုံးသော ခွစာကြီး ပါးတစ်ချက် အရိုက်ခံလိုက်ရမှာ သေချာတယ်… အဟီး´´

ဝရန်တာဆီမှ ကျေနပ်အားရစွာ ခုန်ပေါက်ပြေးလွှား၍ အောက်ထပ်ဆီသို့ ဆုမျက်ခြယ် ဆင်းလာ၏ ။

``ကြီးကြီးရွှေ… ကြီးကြီးရွှေ… ရေရေလည်လည် နိုပ်ခဲ့လားဟင်´´

``အေး.... ရေရေလည်လည် ညည်လေးကိုပဲ နိုပ်မယ်´´

``ဂေါက်´´

``အောင်မယ်လေးလေး... နာလိုက်တာ ဒါဘာလုပ်တာလဲ အဟင့်.. ဟင့်´´

နာကျင်သွားသော ငယ်ထိပ်ကို ပွတ်တာ ကောင်ဆိုးမကလေး၏ မျက်ဝန်းကျယ်ကြီးများ ထဲတွင် မျက်ရည်တွေ လှံ့တက်လာ၏ ။

``ညည်းလေး တော် တော် ကလီကမာလုပ် လူကြီးတွေ ပါ မကောင်း ဖြစ်တော့မလို့´´

``ဆု ဘာလုပ်လို့လဲလို့´´

``ညည်းလေး သူ့တာဝန်နဲ့ဝတ္တရားကို နှောင့်ယှက်တာ ကောင်းသလား၊ ငွေငါးထောင်ပေးပြီး ဒီအလုပ်မလုပ်ဖို့ ပြောတယ်ဆို´´

``ကုန်းတိုက်လိုက်ပြီ´´

``ဘာ ကုန်းတိုက်ရမှာ လဲ ဟုတ်တာ ပြောလိုက်တာ၊ နေရှိန်းရုပ်က ကလီကမာ ပြောတတ်တဲ့ ရုပ်မျိုး မဟုတ်ဘူး´´

``နေရှိန်း...ဟားဟ နာမည် တွေ ဘာတွေ တောင် သိလို့၊ တယ်ဟုတ်ပါလား´´

``မိဆု ညည်းလေးက ငါ့ကို ဟားတယ်ပေါ့´´

``ကြီးကြီးရွှေ ပြောပုံကြီးက တရင်းတနီး ရှိလိုက်တာ လွန်ရော´´

``နေရှိန်းက လူရည်သန့် လူရည်မွန် ကလေးပဲ၊ သူ့ကို ကျုပ် ရင်းနှီးတာ မဆန်းပါဘူး´´

``ဒုက္ခပဲ ပွဲကြီးပွဲကောင်းများ ကြည့်ရမလားလို့ ထောင်ပေးလိုက်တာ ခုတော့... သူတို့နှစ် ယောက် က ပုလဲနံ့ပတောင် သင့်လာသေးတယ်၊ စိတ်ညစ်လိုက်တာ...´´

ဆုမျက်ခြယ်သည် သူ့ဦးခေါင်းက ဆံပင်တွေ ကို ဖွာလန်သွားအောင်

ကုတ်လိုက်ပြီး အိပ်ပေါ်ထပ်သို့ ပြန်တက်သွားတော့သည်။

``ဆုလေးနော်..၊ ညည်း သူ့ကို နောက်ထပ်သွား မနှောင့်ယှက်နဲ့´´

မကြားချင်ဆုံးသော စကားကို ဆုမျက်ခြယ် ကြားလိုက်ရသည်။

``ဒီသတ္တဝါကြီးကို ဘယ်နည်းနဲ့ တိုက်ထုတ်ရပါ့မလဲ၊ ကမ္ဘဝါတတ်တစ္ဆေကြီးနဲ့တော့ တွေ့နေပြီ ထင်ပါရဲ့ ´´

ဆုမျက်ခြယ် ကြံရာမရ ဖြစ်နေ၏ ။

မခံချင်စိတ်တွေ ကလည်း သူ့ကို စိုးမိုးနေ၏ ။

*

# အခန်း (၅)

``ဟူး... မလွယ်ကြောပါလား၊ အဒေါ်နဲ့ တူမ ကတော့ တစ်စိတ်တည်း တစ်ဝမ်းတည်းပဲ၊ အလျှောက်ကောင်းပေ လို့သာပဲ၊ နို့မဟုတ်ရင် ငါ့ပါးတော့ အီစိမ့်သွားမှာ သေချာတယ်´´

နေရှိန်းသည် ဦးခေါင်းကို တယမ်းယမ်းလုပ်ပြီး သောက်ပြီးသွားသော ရေဘူးကို ကားနောက်ခန်းထဲသို့ ပြန်ထည့်လိုက်သည်။

ထို့နောက် သူသည် အသင့်ထားရှိသော ကားထဲက ဖိုင်တွဲ များ ကို ယူကာ အရိပ်ကောင်းသော လမ်းဘေးရှိ အပင်ကြီးတစ်ပင်အောက်တွင် ထိုင်၍ သေချာစွာ ဖတ်ကြည့်နေ၏ ။

တစ်ချက်တစ်ချက် စိတ်တွေ လေမှာ လွင့်သွားသည်။

မျက်စိက စာရွက်များ ပေါ်တွင် ရွေ့လျားနေသော် လည်း စိတ် ကတော့ သိပ်ချောသိပ်လှပြီး သိပ်ဆိုးလွန်းသော ကောင်မလေးဆီသို့ ရောက်ရှိနေ၏ ။

``အင်း... အန်ကယ် ဦးမြတ်ထွန်းတော့ ဒီဟာမလေဘးကို မွေးထားရတာ အန္တရာယ်ကို လွယ်ပိုးထားရသလို နေမှာ ပဲ၊ ဒီကောင်မလေး သိပ်ကဲလွန်းတယ်၊ တစ်နေ့နေ့တော့ ဒုက္ခရောက်မှာ သေချာတယ်...

``တစ်နေ့နေ့ ငါ အဒိုက်မိသွားရင် ငါလည်း ဒုက္ခရောက်သွားနိုင်တယ်၊ ဒီအလုပ်ကို မလုပ်နိုင်တော့ဘူးလို့ ဆရာ့ကို ပြန်ပြောလိုက်ရရင် ကောင်းမလား၊... ဟူး... မ ဖြစ်သေးပါဘူး....

``ဆရာက ငါ့ကိုမှ ယုံကြည်စိတ်ချလို့ ခိုင်းတာ၊ ငါက လက်မခံနိုင်ဘူးဆိုရင် ကောင်းပါ့မလား၊ စိတ်ကျဉ်းကျပ်လိုက်တာ...

``ဒီဟာမလေးကိုလည်း မျက်စိထဲမှာ နည်းနည်း မှ ကြည့်မရအောင် ဖြစ်နေပြီ၊

ခက်လိုက်တာ၊ ငါ ဘာလုပ်ရမလဲ´´

``မောင်နေရှိန်း... မောင်နေရှိန်း´´

``ဗျာ´´

နေရှိန်းသည် ဒေါ်ရွှေ၏ အလန့်တကြား အော်ခေါ်သံကြောင့် ထိုင်နေရာမှ ဝုန်းခနဲ ထ,ရပ်လိုက်မိသည်။

``မြန်မြန်လာပါဦး´´

နေရှိန်း၏ လှုပ်ရှားမှု သည် လေအလျဉ်ကဲ့သို့ ရှိ၏ ။

``ဘာ... ဘာ ဖြစ်တာလဲ ကြီးကြီးရွှေ´´

စိုးရိမ်ထိတ်လန့်စွာ ဖြင့် နေရှိန်းက မေးလိုက်သည်။

``ဟို... ပေါက်... ပေါက်ကျော်မ အိမ်မှာ မရှိတော့ဘူး´´

တုန်တုန်ယင်ယင်ဖြင့် ဒေါ်ရွှေက ပြောလိုက်သည်။

``ဗျာ´´

နေရှိန်း ခေါင်းနပန်း ကြီးသွားသည်။

``လုပ်ပါဦး မောင်နေရှိန်းရဲ့ ၊ တစ်ဘက်ခြံကို မလွယ်ပေါက်က ကူးပြီး ထွက်သွားတယ်၊ ပြီးတော့ အဲဒီ အိမ်က ပြိုင်ဘီးကလေးနဲ့ သံလွင်လမ်းဘက် ထွက်သွားတယ်လို့ ပြောတယ်´´

``ပြိုင်ဘီးနဲ့....´´

``ဟုတ်တယ်´´

``စောစောက အဲဒီ ခြံထဲက ဂျာကင်နဲ့ ဦးထုပ်ဆောင်းထားတဲ့ ကောင်လေးတစ်ကောင်တော့ ပြိုင်ဘီးနဲ့ထွက်သွားတာ လှစ်ခနဲ တွေ့လိုက်တယ်´´

``အဲဒါသူပဲ သူပဲ ဘောင်းဘီနဲ့ ဂျာကင်ဝတ်ပြီး သူ့အဖေ ဂေါက်ရိုက်ရင် ဆောင်းတဲ့ဦးထုပ်ကို ဆောင်းပြီး ထွက်သွားတာ၊ ဒီကောင်မလေး ဒုက္ခပေးလွန်းတယ်´´

နေရှိန်းသည် သူ့ကားဆီသို့ လျင်မြန်စွာ ပြေးသွားပြီး သံလွင်လမ်းလမ်းဘက်သို့ ကားကို မောင်းနှင်ခဲ့သည်။

``ဒါ တမင် လုပ်သွားတာပဲ၊ တော် တော် ဒုက္ခပေးတဲ့ ကောင်နာမလေး စိတ်ရှိလက်ရှိ လုပ်ပစ်လိုက်ရရင်တော့...

သည်ကောင်မလေးကို နေရှိန်း ဒေါသထွက်လာသည်။

တော် တော် လည်း အမြင်ကတ်နေသည်။

*

စာပေးစာယူ ဝင်းထဲသို့ ကွေ့ဝင်သွားသော စက်ဘီးကလေးကို နေရှိန်း မီရုံကလေးသာ တွေ့လိုက်ရသည်။

``ကောင်နာမလေး´´

အံကို တင်းနေအောင် ကြိတ်ပြီး ကားကို အရှိန်မြှင့်ကာ မောင်းနှင်လိုက်သည်။

မချောကလေးသည် စာပေးစာယူဝင်းထဲမှ တက္ကသိုလ်ရေကူးကန်ဘက်သို့ ကွေ့ထွက်သွားပြန်သည်။

ရေကူးကန်ဆီသို့ မရောက်တရောက်ကလေးတွင် နောက်သို့ သူ လှည့်ကြည့်လာသည်။

နေရှိန်း၏ ကားကို တွေ့မြင်သွား၏ ။

သူသည် စက်ဘီးကို အားသွန်၍ နောက်သို့ လှည့်တကြည့်ကြည့်နှင့် နင်းရင်း

စက်ဘီး မှော က်ပါတော့သည်။

``ကောင်းလိုက်လေဟာ၊ ဒီလောက် ကဲလွန်းတာ´´

``အား´´

မရှုမလှ ကတ္တရာလမ်းပေါ်သို့ ကျပြီး သူ့ဦးခေါင်းက ဦးထုပ်လွင့်စဉ်၍ ကျသွားသည်။

ဦးထုပ်အောက် လိပ်ခွေထိုးသွင်းထားသော ဆံပင်များ ထွက်ကျကာ သွားတော့သည်။

နေရှိန်းသည် သူ့ကို ဖြတ်ကျော်သွားပြီးကာ ကားကို ခပ်လှမ်းလှမ်းတွင် ရပ်ကာ နောက်ကြည့်မှန်ထဲမှ ကြည့်နေလိုက်သည်။

သူသည် လဲနေရာမှ လူးလဲထ,ထိုင်ပြီး ခြေထောက်တွေ ကြည့်လိုက်၊ တံတောင်ဆစ်တွေ ကြည့်လိုက်နှင့် မျက်နှာကလေး ရှုံ့မဲ့နေ၏ ။

မျက်ရည်တွေ လည်း ကျနေ၏ ။

သူ အထိနာနေပြီကို နေရှိန်း သိရပြီ....။

``ကောင်းလိုက်တာ၊ ကဲချင်ဦးဟာ´´

နေရှိန်းသည် သနားစိတ် မဝင်ဘဲ သည်လို ဖြစ်တာကိုပဲ ကျေနပ်အားရမဆုံး ဖြစ်နေ၏ ။

*

``အို... သွေးတွေ ထွက်လာပြီ၊ အား... နာလိုက်တာ၊ ကျွတ်... ကျွတ်... ကျွတ်... ကောင်နာကြီး ကြည့်စမ်း ဟိုမှာ ကားရပ်ပြီး ဆင်းမလာတာ ငါ့ကို တမင်ရွဲ့တာပဲနေမယ်....

``ဟွန်း... ဂရုစိုက်လွန်းလို့ အား... အောင်မလေး.... ခြေထောက်က ရပ်လို့တောင် မရပါလား... ဒုက္ခပါပဲ´´

ဆုမျက်ခြယ်သည် ဖွဲနပဲ ကတော့ အကြီးသား

အသည်းခိုက်ခိုက် တုန်အောင် နာကျင်နေသည့် ကြားကပင် စက်ဘီးကို မ,ထူကာ ထ,ရပ်လိုက်သည်။

တဖြည်းဖြည်း တွန်းကာ မရရအောင်လည်း လျှောက်နေ၏ ။

တဖြည်းဖြည်း တရွေ့ရွေ့နှင့် နေရှိန်း၏ ကားနှင့် မလှမ်းမကမ်းဆီသို့ ရောက်လာသည်။

နေရှိန်းက သူ့ကားကို အသာဘီးလိမ့်၍ ထွက်လိုက်သည်။

နောက်ကြည့်အောင် ထားလိုက်မဟဲ့ဟု ကြိမ်းဝါးနေမိစဉ် အဖျက်က ဝင်လာသည်။

ချောကလပ်ရောင် အက်အီးကားကလေးတစ်စီး။

ကားပေါ်တွင် ဆုမျက်ခြယ်နှင့် မတိမ်းမယိမ်းရှိမည့် ကောင်ငယ်ကလေး လေးကောင်။

ထော့နင်း ထော့နင်းနဲ့ စက်ဘီးကလေးကို တွန်းလျှောက်နေသည့် ဆုမျက်ခြယ်ကို တွေ့လိုက်ရတော့ သူ့အနားမှာ ကားကို ထိုးရပ်လိုက်ကြသည်။

``စက်ဘီး မှော က်တယ် ထင်တယ်´´

``ဟုတ်တယ် ဂျင်မီ၊ သူ့ ဒူးခေါင်းနဲ့ လက်မှာ သွေးတွေ စွန်းနေတယ်´´

``ဒုက္ခသည်ကလေးပါလား´´

``သိပ်သနားတယ်ကွာ´´

``ကိုယ်တို့ ကူညီပါရစေ´´

ဆုမျက်ခြယ် တစ်ယောက် မျက်ရည်တွေ ရစ်ဝဲနေသော မျက်လုံးရွဲကြီးများ ဖြင့် သူတို့ကို ကြည့်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် ကားကို ရပ်၍ ခြေလှမ်းကျဲကြီးများ ဖြင့် လျှောက်လာသော နေရှိန်း တစ်ယောက် သူ့ထံသို့ ရောက်လာသည်။

``ကဲချင်ဦး ခတော့ ထိပြီမဟုတ်လား´´

``အို... ဖယ်ပါ´´

ဆုမျက်ခြယ်က သူ့လက်မောင်းကို လာကိုင်သော နေရှိန်း၏ လက်ကို ပုတ်ချပစ်လိုက်သည်။

``ဒီမှာ နောင်ကြီး ခင်ဗျားနဲ့ ဘာဆိုင်သလဲ´´

ကြွပ်ဆတ်ဆတ် ကောင်ကလေး တစ်ယောက် က နေရှိန်း၏ ပခုံးကိုပုတ်ကာ မေးလိုက်သည်။

``တို့နဲ့ဆိုင်လို့ တို့လာခေါ်တာပေါ့ ကိုယ့်ညီ၊ ကဲ... သွားမယ်´´

``အို... မသွားဘူး၊ ကိုယ့်ဘာသာကိုယ်ပဲ လျှောက်မယ်´´

``မင်း ခေါင်းမမာနဲ့နော်၊ ရိုးရိုးခေါ်လို့ မရရင် ရတဲ့နည်းနဲ့ ခေါ်ရလိမ့်မယ်´´

``မလိုက်ဘူး... မလိုက်ဘူး.... သွား´´

နေရှိန်းလက်များ ကို ဆုမျက်ခြယ်က ပုတ်ထုတ်ပစ်နေ၏ ။

``ကဲကွာ ဒီလောက်ရှိလှတာ´´

နေရှိန်သည် ဆတ်ခနဲ ဆုမျက်ခြယ်၏ ကိုယ်လုံးကလေးကို ပွေ့ချီလိုက်သည်။

သူ့လက်များ က သန်မြန်လှ၏ ။

ဆုမျက်ခြယ်သည် သူ့လက်ထဲတွင် ရုန်းကန်လာသော်လည်း မရသည့် အဆုံးတွင် တော့ သူ့လက်မောင်းကို ခွေးတစ်ကောင်လို ကိုက်ခဲလိုက်တော့သည်။

``အ....´´

အသည်းခိုက်အောင် နာကြင်လှသော်လည်း အံကိုတင်းနေအောင် ကြိတ်ကာ ကားဆီသို့ သွားပြီး ကားထဲသို့ ထိုးသွင်းလိုက်သည်။

``လုပ်လိုက်ရရင် သေတော့မှာ ပဲ´´

ကားတံခါးကို ဆောင့်ပိတ်၍ သော့ ခတ်ကာ အံ့ကြိတ်ရင်း နေရှိန်းက ပြောလိုက်သည်။

သူ့လက်မောင်းရှိ ကိုက်ရာမှ သွေးများ ယိုစီး စိမ့်ကျလာ၏ ။

``တောက်....´´

နေရှိန်းက သူ့အနာကို ကြည့်ပြီး တက်ခေါက်လိုက်သည်။

ကောင်ငယ်ကလေး လေးကောင်သည် သူတို့ထံ ရပ်ကြည့်နေကြဆဲပင် ရှိသည်။

``ကိုယ့်ညီတို့ ကူညီကြစမ်းပါကွာ၊ ဟို ထွက်ပေါက်ဂိတ်နားက အကြော်ဆိုင်မှာ စက်ဘီးအပ်ထားပေးခဲ့ပါ၊ အစ်ကို လာပြန်ယူပါ့မယ်´´

နေရှိန်းသည် ကားရှေ့ခန်းတွင် ထိုင်လိုက်ပြီး ကားကို မောင်းထွက်လိုက်သည်။

ဆုမျက်ခြယ်သည် သူ့ကို ကျောပေး၍ ထိုင်ကာ ကားကူရှင်တွင် မျက်နှာအပ်ပြီး တအစ်အစ် အသံထွက်အောင်ကို ရှိုက်လာသည်။

နေရှိန်း ကတော့ မေးကြောကြီးများ တင်းအောင် အံကိုကြိတ်ရင်း ကားကို နင်းပလဲဖြူအိမ်ကြီးဆီသို့ ရောက်အောင် လျင်မြန်စွာ မောင်းချလာခဲ့သည်။

ခြံဝင်းကြီး၏ ဂိတ်ဝတွင် ဦးရန်ကနားနှင့် ဒေါ်ရွှေတို့က အသင့်စောင့်ဆိုင်းနေ၏ ။

``တွေ့ခဲ့ပြီ၊ အောင်မလေး... ဘုရားမ,တာပဲ´´

ခြံဝင်းကြီးထဲသို့ မောင်းသွားသော ကားနောက်သို့ ဒေါ်ရွှေသည် သူ၏

ဝဖိုင့်သော ခန္တာကိုယ်ကြီးကို သယ်မ,ကာ ပြေးလိုက်လာရှာသည်။

``ဒါက ဘယ်လို အဲ... ဟင်၊ လက်တွေ ခြေတွေ မှာ လည်း သွေးတွေ နဲ့ပါလား´´

မချိမဆံ့ဟန်ရှိနေသော တူမငယ်ကို ကြည့်ကာ ဒေါ်ရွှေ ရင်တွေ ပန်းတွေ တုန်နေသည်။

``စက်ဘီးမှော က်လာတာ´´

``အောင်မလေး ဖြစ်ရမယ်.. ဖြစ်ရမယ် ပေါက်ကျော်မရဲ့ ´´

``ကြီးကြီးရွှေအိမ်မှာ ဘာဆေးရှိလဲ´´

``ဆေးဝါလေးတော့ ရှိမလားဘဲ´´

``တင်ချာ မရှိဘူးလား´´

``တင်ချာလဲရှိတယ် မောင်နေရှိန်း´´

``သူ့အနာတွေ ကို တင်ချာသာ ဖိထည့်ပေးလိုက် အဲဒါမှ ပိုးသေမှာ ´´

ဆုမျက်ခြယ်က စူးရဲသော မျက်လုံးများ ဖြင့် နေရှိန်းကို ကြည့်လိုက်သည်။

``အေး... အေး လာခဲ့ ပေါက်ကျော်မ´´

``စိတ်ပုပ်ကြီး၊ တမင် ငါ့ကို နာကျင်စေတ သိမယ်၊ တစ်နေ့တော့ သူ့ကို ငါအနိုင်ရအောင် လုပ်ပြမယ်´´

ဆုမျက်ခြယ်သည် ကျိတ်၍ တေးရင်း ထော့နင်း ထော့နင်းဖြင့် ဒေါ်ရွှေ ဆွဲခေါ်ရာနောက်သို့ ပါသွားတော့သည်။

``ဦးရန်ကနား၊ ဒီမှာ ကျွန်တော့် ကား ခဏထားခဲ့မယ်၊ ဟိုမှာ စက်ဘီးသွားယူဦးမယ်´´

``ထားပါ... ထားပါ´´

နေရှိန်းသည် သူ့ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါကိုထုတ်ယူပြီး သွေးယိုစိမ့်နေသော ကိုက်ရာကို ပတ်ရင်း ခြံဝင်းကြီးထဲမှ ပြန်ထွက်ခဲ့သည်။

``လူသဏ္ဌာန်နဲ့ ခွေးစိတ်ပေါက်နေတဲ့ ကောင်ဆိုးမလေး၊ ငါ့ကို ခွေးလို ကိုက်သွားတယ်၊ တောက်... နာလိုက်တာ´´

နေရှိန်းသည် နာကျင်ကိုက်ခဲနေသော ဒဏ်ရာကို တကြည့်ကြည့်နှင့် စိတ်ထဲတွင် ကြိတ်မနိုင် ခဲမရကြီး ဖြစ်နေ၏ ။

*

``ဟင့်အင်း... ဟင့်အင်း၊ တင်ချာ မထည့်ဘူး၊ ကြီးကြီးရွှေနော်... မလုပ်နဲ့´´

``မထည့်လို့ မရဘူး၊ တင်ချာထည့်မှ ပိုးသေမှာ လို့ နေရှိန်းက ပြောသွားတယ်´´

``အလကား အယုတ်တမာကြီးက သူများ ကို တမင်နာစေ ကျင်စေချင်တဲ့စိတ်နဲ့ ပြောသွားတာ၊ မထည့်ဘူး၊ ဘာပိုးမှလည်း မရှိဘူး၊ အို... မထည့်ဘူး ဆိုနေမှ၊ အင်း... ဒီလောက်တောင်ရှိတာ ကဲ... ဟယ်´´

``ခွမ်း´´

``ဟဲ့.. နင်ဆိုးလှချည့်လား ဆုလေး၊ ဟင်... ဆိုးလှချည့်လား´´

ဆုမျက်ခြယ်ကို စိတ်ရှိလက်ရှိ ထုနက်ပစ်ချင်စိတ်များ ကို ဒေါ်ရွှေမှာ မနည်းကြီး ထိန်းနေရ၏ ။

``သူများ မထည့်ချင်ပါဘူးလို့ ပြောနေတာ ကြီးကြီးရွှေက အတင်းထည့်တာကိုး လုပ်ပစ်မှာ ပေါ့´´

ဒေါ်ရွှေက ဆုမျက်ခြယ် သူ့လက်မှ အတင်းယူ၍ ပစ်ပေါက်လိုက်သော

တင်ချာပုလင်း အကွဲအစများ ကို လိုက်ကောက်လိုက်သည်။

ဘာဆေးမှ ထည့်ပေးဖို့လည်း မကြိုးစားဘဲ နေလိုက်သည်။

ဆုမျက်ခြယ်သည် သူ့အနာတွေ ကို သူ့ဘာသာသူ ဆေးဝါလေး သုတ်လိမ်းရင်း နာကျင်ကိုက်ခဲလွန်းလာသဖြင့် နှုတ်ခမ်းသားကလေးများ ဆတ်ဆတ် တုန်ကာ မျက်ရည်တွေ တတွေ တွေ ကျနေသည်။

ဒေါ်ရွှေသည် အကွဲအစတွေ ကို သိမ်းဆည်းပြီး ဆုမျက်ခြယ်ကို ပစ်ထားခဲ့ကာ အောက်ထပ်သို့ ဆင်းခဲ့သည့်တွင် စက်ဘီးကလေး စီးနင်း၍ ဆင်ဝင်အောက် ပြန်ရောက်လာသော နေရှိန်းကို တွေ့လိုက်ရသည်။

``ဦးရန်ကနား၊ ဒီမှာ စက်ဘီး... ဒီမှာ ဦးထုပ်´´

``ဟုတ်ကဲ့ ဆရာလေး´´

``မောင်နေရှိန်း.. ဟိုပေါက်ကျော်မ ဘယ်မှာ စက်ဘီးမှော က်လာတာလဲ´´

``တက္ကသိုလ် ရေကူးကန်နားမှာ မှော က်တာ´´

``ကဲ... ကဲလွန်းပါတယ်ကွယ်၊ မပြောလည်း မပြောချင်တော့ပါဘူး´´

``သူ ကျွန်တော့် ကို တမင် နှောင့်ယှက်တာပါ´´

``ဟုတ်မယ်...ဟုတ်မယ်၊ အို...ဒါနဲ့ မင်းလက်မောင်းက ဘာ ဖြစ်တာလဲ´´

``ခွေးကိုက်တာ´´

တမင် အသံကြီးကိုမြှင့်၍ နေရှိန်းက ကြားစေလိုသူ ဆုမျက်ခြယ်ကြားအောင် ပြောလိုက်သည်။

``ကြုံကြုံဖန်ဖန်ကွယ်... ခွေးက ခြေသလုံး မကိုက်ဘဲ လက်မောင်းတက်ကိုက်ရတယ်လို့´´

``ဒီခွေးမလေးက တတ်နိုင်ရင် ကျွန်တော့် ပါးတောင် တက်ကိုက်ရင် ကိုက်မလား

မသိဘူးဗျ၊ ကဲ... ကျွန်တော် သွားလိုက်ဦးမယ် ကြီးကြီးရွှေ၊ ဩော်.. ဒါနဲ့ တင်ချောနော်.... တင်ချော၊ အနာတွေ ကို တင်ချောသာ ဖိထည့်ပေး၊ ခဏလေးနဲ့ ပျောက်သွားလိမ့်မယ်´´

``ဒုန်း´´

``ဒိုင်း´´

``ခွမ်း´´

ပစ်သံ၊

ခတ်သံ။

ကွဲရှသံများ အပေါ်ထပ်ဆီမှ ထွက်ပေါ်လာသည်။

``ဟဲ့..ဟဲ့... အဲဒါက ဘာ ဖြစ်ရပြန်တာလဲ´´

ဒေါ်ရွှေကြီး တစ်ယောက် အိမ်ပေါ်ထပ်ဆီသို့ လှည့်ပြေးရပြန်လေသည်။

``အဟင်း.. ဟင်း... ဟင်း..ဟင်´´

နေရှိန်းက ရယ်သွမ်းသွေးရင်း သူ့ကားပေါ်သို့ တက်ကာ စက်နှိုး၍ မောင်းထွက်ခဲ့သည်။

*

``ဟဲ့... ဟဲ့.. ဘယ်လိုတွေ ဖြစ်နေတာလဲဟင် ဆုလေး၊ ကုန်ပါပြီ၊ ပန်းအိုးတွေ ပစ္စည်းတွေ တော့´´

``အယုတ်တမာကြီး.. သက်သက် ကျောသွားတာ၊ သူများ ကို ခွေးမတဲ့၊ မခံနိုင်ဘူး... လုံးဝ မခံနိုင်ဘူး သိလား´´

``ဟဲ့… ဘယ်သူက ညည်းလေးကို ခွေးမလို့ ပြောလို့လဲ´´

``ဘယ်သူရှိရမလဲ ကြီးကြီးရွှေရဲ့၊ နေရှိန်းဆိုတဲ့ သတ္တဝါကောင်ကြီးပေါ့´´

``မဟုတ်ရပါဘူးအေ၊ သူက သူ့လက်မောင်းကို ခွေးကိုက်တဲ့အကြောင်း ပြောသွားတာပါ၊ ညည်လေးကို သူ....´´

``တော်ပါ၊ သူ့လက်မောင်းကို သူများ ကိုက်လိုက်တာ၊ ဘယ်ခွေးမှ ကိုက်တာ မဟုတ်ဘူး´´

``အလိုတော်´´

မျက်စိထဲတွင် ကွက်ခနဲ သူ့အမေ မြတ်ဆုမိုကို မြင်ယောင်လိုက်ပြီး သူ့ကိုပို၍ ဒေါသလည်း ဖြစ်၊ ချဉ်လည်း ချဉ်လာမိ၏ ။

ဆုမျက်ခြယ်သည် မြတ်ဆုမို၏ တကယ့်ကိုယ်ပွားမှ ကိုယ်ပွား။

မအေနှင့် သမီး စိတ်ရောကိုယ်ပါ ချွတ်စွပ်တူကြသူတွေ ၊

မြတ်ဆုမိုနှင့် ဆုမျက်ခြယ်တို့ သားအမိသည် သူ့အစ်ကိုကြီးကို ဒုက္ခပေးဖို့ ဘယ်အငြိုး နှင့်များ တမင်းမွေးဖွားလာသလဲဟု ဒေါ်ရွှေ တွေ းလိုက်မိသည်။

ကွယ်လွန်သူ မိဘနှစ် ပါးကိုလည်း စိတ်ဆိုးမိသည်။

အိမ်ထောင်သားမွေးမှု မပြုဘဲ လူပျိုကြီးဘဝနှင့် သာ မိဘကို အလုပ်အကျွေးပြု ပါရစေဟု အတန်တန် ငြင်းဆိုပါရက်ကနဲ့ မိဘနှစ် ပါးသည် အစ်ကိုကြီး ဦးမြတ်ထွန်းကို တိုင်းမင်းကြီးသမီး ဥတစ်လုံးမကလေး မြတ်ဆုမိုနှင့် အတင်းလက်ထပ်ပေးခဲ့ကြသည်။

မိဘလက်ပေါ်တွင် ဖူးဖူးမှုတ် အလိုလိုက် အကြိုက်ဆောင်ထားခြင်းကို ခံခဲ့ရသော မြတ်ဆုမိုသည် အလွန်ဆိုးအလွန်ကဲသော မိန်းကလေး တစ်ယောက် ဖြစ်သည်ကဲ့သို့ အလွန်လှ အလွန်ချောသော မိန်းကလေး တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။

တစ်ကိုယ်ကောင်းဆန်လှသူ တစ်ဦးလည်း ဖြစ်၏ ။

ယောက်ျားပီသ ခန့်ခန့်ချောချော ရှိလှသော ဦးမြတ်ထွန်းသည် ခေတ်ပညာတတ်ရုံမျှမကဘဲ ဥစ္စာပစ္စည်းလည်း ကုံလုံကြွယ်ဝသော သူ ဖြစ်သဖြင့် မြတ်ဆုမိုသည် သူ့မိဘများ က ထိမ်းမြားကြောင်းလှမ်းခဲ့သည်ကို မငြင်းမဆန်ဘဲ ရှိခဲ့သည်။

အိမ်ထောင်သားမွေး မပြုလိုပါဘူးဟု ခါးခါးသီးသီး ငြင်းဆန်ခဲ့သော ဦးမြတ်ထွန်းသည် မလွှဲသာ မရှောင်သာ မိဘဆန္ဒကို လိုက်လျောပြီး မြတ်ဆုမိုကို လက်ထပ်လိုက်သည့်အခါတွင် တော့ တစ်လောကလုံးတွင် သူအမြတ်နိုးဆုံးမှာ သူ့ထက်အသငက် ဆယ့်ကိုးနှစ် ခန့် ငယ်သော မြတ်ဆုမိုမည် သော ဇနီးရတနာကလေးဟု သတ်မှတ်လိုက်တော့သည်။

စိတ်များ ကလည်း အပြောင်းအလဲ မြန်ဆန်လွန်းလှသည်ဟု ဒေါ်ရွှေက မဲ့မဲ့ရွဲ့ရွဲ့ မှတ်ချက်ချမိ၏ ။

အိမ်ထောင့်တာဝန်၊ လင်သား တာဝန် ဘာဆိုဘာတစ်ခုမှ မတတ်၊ မသိသော ရွှေယောက် မကလေးကို ဘယ်သူကမှ အပြစ်မတင်ဘဲ ဝိုင်းဝန်း၍ ဖူးဖူးမှုတ်ကာ လုပ်နေကြသော ကြောင့် တာဝန်မှန်သမျှ ခွဲဝေယူမည့် သူ မရှိသဖြင့် အားလုံး ဒေါ်ရွှေ ခေါင်းပေါ်သာ ပုံကျလာပါတော့သည်။

အပျိုကြီး ဒေါ်ရွှေ တစ်ယောက် မှာ တစ်နေ့တစ်နေ့ တာဝန်တွေ မှန်သမျှ သူ့အပေါ်လေးပိပြီး ဇယ်ဆက်သလို အလုပ်တွေ နှင့် လုံးပန်းခဲ့ရပေသည်။

မြတ်ဆုမို ကတော့ နေမြင့်မှ ထ၊ သူ့ကိုယ်သူ အလှအပခြယ်သမှု ကို နာရီပေါင်းများ စွာ အကုန်ခံ ပြုပြင်ပြီး လင်ယောက်ျားအလုပ်သွားခါနီး တွင် ဆင်ဝင်အောက်က ကားဆီအထိ လက်လံပို့ဆောင်ပေးပြီး မွှေးမွှေးပေးတတ်သည်မှ လွဲ၍ ဘာမှ မလုပ်။

*

``ရွှေရွှေရေ မြတ်မို သွားတော့မယ်နော်´´

လင်ယောက်ျားတောင် အလုပ်ခွင် ရောက်ရန် မစောင့်၊

မြတ်ဆုမိုသည် နောက်ဖေးဘက် မီးဖိုဆောင်တွင် အလုပ်ရှုပ်နေသော ဒေါ်ရွှေထံသို့ တစ်ချက် လှမ်းအော်ပြီး သူကိုယ်တိုင် မောင်းရန် ထားရှိသော ကားဆီသို့ ထွက်ခွာသွားတော့သည်။

ဤသည်မှာ နေ့တိုင်း သူ လုပ်နေကျ အလုပ်တစ်ခု။

တစ်နေကုန် အပေါင်းအသင်း သူငယ်ချင်းတွေ နှင့် မြီးကောင်ပါက်မကလေး တစ်ယောက် လို ဝတ်စားဆင်ယင်ပြီး လည်လိုက် ပတ်လိုက်သည်မှာ လင်ယောက် ျားအိမ်ပြန်ရောက်သည့်တိုင် သူက မရောက်ဘဲ ရှိနေတတ်သည်။

``မရွှေ... မြတ်မို ဘယ်သွားသလဲ´´

``အစ်ကိုကြီးကလည်း ဒီမေးခွန်းကို နေ့တိုင်းပဲ ဖြေနေရတာ ပဲ၊ သိချင်ရင် အစ်ကိုကြီး မိန်းမ ရေး ပေးထားတဲ့ ဖုန်းနံပါတ်တွေ သွားဆက်ကြည့်ပေါ့´´

စိတ်တိုတိုနှင့် ဒေါ်ရွှေက အစ်ကို ဖြစ်သူကို ပြောပစ်လိုက်သည်။

``ဟူး....´´

ဦးမြတ်ထွန်းသည် ဟူးခနဲ လေပူတစ်ချက်ကို မှု တ်ထုတ်ပြီး လက်ထဲက တိုက်ပုံအင်္ကျီကို ကုလားထိုင်ပေါ်သို့ ပစ်တင်ကာ တယ်လီဖုန်းနံပါတ်တွေ ရေး ထားသော စာအုပ်ကို ယူလိုက်သည်။

ထို့နောက်တွင် တော့ ဖုန်းနံပါတ်တွေ တစ်ခုပြီးတစ်ခု လိုက်လှည့်ကာ ဇနီးချောကလေး ဘယ်မှာ ရှိနေသည်ကို ရှာပုံတော် ဖွင့်ပါလေတော့သည်။

ဤသည်မှာ နေ့တိုင်း လုပ်နေရသည့် တာဝန်တစ်ခုလို အလုပ်မျိုး။

ချမ်းသာကြွယ်ဝလို့သာပဲ တော် ပေသေးသည်။ တစ်လတစ်လ ဖုန်းခေါ်စရိတ်

တောင်းသည်မှာ နည်းနည်း နောနော်မဟုတ်...။

ဒါတွေ ကို ဦးမြတ်ထွန်းက အလေးမထားပေမယ့် မူးမဲကအစ ခြွေတာတတ်သော နမြော တတ်သော ဒေါ်ရွှေ ကတော့ ထွက်သည်။

စိတ်မကောင်းခြင်းလည်း များ စွာ ဖြစ်မိသည်။

သို့ဖြင့် ...

ဦးမြတ်ထွန်းနှင့် မြတ်ဆုမိုတို့၏ အိမ်ထောင်သက် တစ်နှစ် ကျော်လာသည်။

သားသမီးလည်း ထွန်းကာမလာသဖြင့် အပျိုကြီး ဒေါ်ရွှေ တစ်ယောက် အံ့သြခဲ့ရသည်။

နားမလည်နိုင်အောင်လည်း ရှိခဲ့သည်။

ဇနီးရော ခင်ပွန်းပါ ကျန်းမာသန်စွမ်းသူတွေ ။

တစ်နေ့တော့ သူ နာမလည်ခဲ့ရသော အကြောင်းကိစ္စတစ်ခုအတွက် အဖြေထွက်လာခဲ့သည်။

*